၁၂၅၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914
Myanma Alinn Daily

**နိဗ္ဗာန်ကမ်းတစ်ဖက်သို့**

ကောင်းစွာဟောအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာသံသရာကို (ကူးမြောက်၍) နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။ ပဏ္ဍိတဝဂ်(ဓမ္မပဒ-၈၆)

၁၃၈၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၀ ရက် ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၄ ရက်၊ တနင်္ဂနွေနေ့ အတွဲ (၆၃)၊ အမှတ်(၁၂၇)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# (၇၅)နှစ်မြောက် စိန်ရတုအမြောက်တပ်ဖွဲ့နေ့ အခမ်းအနားကျင်းပ

## မျိုးဆက်သစ်အမြောက်တပ်ဖွဲ့ဝင်များအနေဖြင့် အမြောက်တပ်ဖွဲ့၏အစဉ်အလာကောင်းများကို လက်ဆင့်ကမ်းတာဝန်ယူထိန်းသိမ်း

## အနာဂတ်တပ်မတော်နှင့် အမြောက်တပ်ဖွဲ့ဝင်များကို အဖိုးတန်အမွေအဖြစ် ပေးအပ်နိုင်ရန် ကြိုးစားဆောင်ရွက်သွားကြရမည်

နေပြည်တော် ဖေဖော်ဝါရီ ၃

(၇၅)နှစ်မြောက် စိန်ရတုအမြောက်တပ်ဖွဲ့နေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်၊ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းရှိ ဆင်ဖြူရှင်ခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက် ချီးမြှင့်သည်။

အဆိုပါ (၇၅) နှစ်မြောက် စိန်ရတု အမြောက်တပ်ဖွဲ့နေ့ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး ဇွဲဝင်းမြင့်၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး၊ အငြိမ်းစားအမြောက်တပ်ဖွဲ့ဝင်အရာရှိကြီးများ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ✻



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၇၅)နှစ်မြောက် စိန်ရတုအမြောက်တပ်ဖွဲ့နေ့ အထိမ်းအမှတ်ပြခန်းများအတွင်း လှည့်လည်ကြည့်ရှုလေ့လာစဉ်။

ယနေ့ *ဖတ်စရာ*

ရန်ကုန်ရွှေဈေးကွက်အတွင်း ရွှေရောင်းဝယ်မှု အခြေအနေမှာ အသင့်အတင့် ပြန်လည်လှုပ်ရှားလာ — ပြည်တွင်းသတင်း စာ ၁၅

ပြည်ထောင်စုအနာဂတ်အတွက် မလွဲမသွေ လုပ်ဆောင်ရမည့်အရာ — ဆောင်းပါး စာ ၁၆

မြန်မာ့အလင်း

# အနုပညာစွမ်းပကားဖြင့် နိုင်ငံနှင့်ပြည်သူ့အကျိုးပြု

အနုပညာ၊ အတတ်ပညာနှင့် နည်းပညာတို့ ပေါင်းစပ်ပါဝင်သည့် ရုပ်ရှင်သည် ပြည်သူလူထုကို ညင်သာပျော့ပျောင်းစွာ ဩဇာလွှမ်းမိုးနိုင်သည့် မီဒီယာတစ်ခုဖြစ်သည်။ Soft Power တစ်ခုဖြစ်သည့်အလျောက် မိမိနိုင်ငံ၏ ယဉ်ကျေးမှုကို ကမ္ဘာက သိရှိနားလည်လာအောင်၊ မိမိနိုင်ငံနှင့်လူမျိုးကို ကမ္ဘာကပိုမိုရင်းနှီးကျွမ်းဝင်လာအောင် ရုပ်ရှင်အနုပညာနည်းလမ်းဖြင့် ဖြန့်ဝေနိုင်သကဲ့သို့ ပြည်တွင်း၌ လူမှုပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရာတွင်လည်းကောင်း၊ ပြည်သူလူထု၏ အတွေးအခေါ်ဓလေ့စရိုက်များ မှန်ကန်အောင် ထိန်းသိမ်းတည့်မတ်မှုများ ပြုလုပ်ရာတွင်လည်းကောင်း၊ တိုင်းကျိုးပြည်ကျိုးဆောင်ရွက်ရာတွင် ပြည်သူလူထုတစ်ရပ်လုံး ပါဝင်လာအောင် နှိုးဆော်တိုက်တွန်းရာတွင်လည်းကောင်း ရုပ်ရှင်အနုပညာနည်းလမ်းဖြင့် ထိရောက်စွာ ဆောင်ရွက်နိုင်သည်။

လက်ရှိကာလတွင် မိမိတို့နိုင်ငံသည် သမိုင်းတွင် ထူးခြားသည့် အခြေအနေတစ်ရပ်ကို ဖြတ်သန်းနေရပြီး နိုင်ငံပြိုကွဲပျက်စီးရေးအတွက် အဖျက်အင်အားစုများ၏ မျက်နှာစာပေါင်းစုံမှ ကြိုးပမ်းမှုများနှင့် ရင်ဆိုင်နေရသည်။ အမျိုးသားယဉ်ကျေးမှုကိုရော၊ အမျိုးသားယဉ်ကျေးမှုပေါ်ထွန်းရာ ဗုဒ္ဓဘာသာကိုပါ နည်းမျိုးစုံဖြင့် တိုက်ခိုက်ဖျက်ဆီးနေကြသည်။ လူငယ်လူရွယ်များအတွင်း မှားယွင်းသည့် အတွေးအခေါ်အယူအဆများ ဖြစ်ပေါ်လာစေရန်၊ မြန်မာ့လူမှုအဖွဲ့အစည်းအတွင်း တည်ရှိနေသည့် ရိုးရာဓလေ့ထုံးစံများနှင့် ယုံကြည်မှုများအပေါ် အဆိုးမြင်လာစေရန် လူမှုကွန်ရက်များကို အသုံးပြု၍ ဆောင်ရွက်နေကြသည်ကိုလည်း တွေ့မြင်နိုင်သည်။ ယင်းသို့သော အခြေအနေတွင် မြန်မာ့ရုပ်ရှင်အနုပညာလောကသားများအနေဖြင့် နိုင်ငံနှင့်လူမျိုး၏ ကောင်းရာကောင်းကျိုးကို ဖော်ဆောင်နိုင်မည့် နိုင်ငံအကျိုးပြု အနုပညာထုတ်ကုန်များကို အနုပညာစွမ်းပကားဖြင့် ထုတ်လုပ်ကြရန် လိုသည်။

အထူးသဖြင့် နိုင်ငံ၏ ထာဝရအကျိုးစီးပွားဖြစ်သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို ဦးတည်ဖော်ညွှန်းကာ အနုပညာတာဝန် ကျေပွန်ကြရမည်ဖြစ်သည်။ မြန်မာ့ရုပ်ရှင်ဖြတ်သန်းလာခဲ့သည့် နှစ်ပေါင်း ၁၀၀ ကျော် သမိုင်းတစ်လျှောက်တွင် မြန်မာ့ရုပ်ရှင်သည် ခေတ်အလျောက် တာဝန်ကျေပွန်ခဲ့ကြောင်း ရုပ်ရှင်သမိုင်းမှတ်တမ်းများတွင် တွေ့မြင်နိုင်သည်။ လွတ်လပ်ရေးမရမီ နယ်ချဲ့အစိုးရလက်အောက်တွင် မြန်မာပြည်သူလူထုအတွင်း တိုင်းချစ်ပြည်ချစ်စိတ် ထက်သန်ရေး၊ ဝံသာနုရက္ခိတတရားထွန်းကားရေး၊ ဇာတိသွေးဇာတိမာန်တက်ကြွရေးအတွက် ရုပ်ရှင်ဖြင့် လှုံ့ဆော်ပေးခဲ့သကဲ့သို့ လွတ်လပ်ရေးရပြီးကာလတွင်လည်း ပြည်တွင်းငြိမ်းချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ လူမှုပြုပြင်ပြောင်းလဲရေးတို့ကို ရုပ်ရှင်အနုပညာဖြင့် တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသည်။

၂၀၂၃ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားကို နေပြည်တော်တွင် ကြီးကျယ်ခမ်းနားစည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပြီး ထူးချွန်ဆုရရှိသူ ပြည်သူချစ်အနုပညာရှင်၊ အတတ်ပညာရှင်များလည်း ပေါ်ထွက်ခဲ့ပြီဖြစ်သည်။ ၂၀၂၃ ခုနှစ်အတွင်း ရုံတင်ပြသခဲ့သည့် မြန်မာ့ရုပ်ရှင်ဇာတ်ကား ၃၅ ကားအနက်မှ အဆင့်ဆင့် စိစစ်အကဲဖြတ်ကာ ထွက်ပေါ်လာခဲ့သည့် အနုပညာရှင်များတွင် မျိုးဆက်သစ်လူငယ်များလည်း ပါဝင်လျက်ရှိသည်။ လွန်ခဲ့သည့်နှစ်များအတွင်း ကိုဗစ်-၁၉ ကပ်ရောဂါ ကူးစက်ပျံ့နှံ့မှု၊ နိုင်ငံရေးအပြောင်းအလဲနှင့် ပဋိပက္ခများ ဖြစ်ပေါ်မှုတို့ကြောင့် အခက်အခဲ၊ အကျပ်အတည်းများနှင့် ရင်ဆိုင်ရုန်းကန်ခဲ့ရသည့် မြန်မာ့ရုပ်ရှင်လောကမှာ နိုင်ငံတော်အစိုးရ၏ အားပေးကူညီမှု၊ ရုပ်ရှင်လောကသားများ၏ စည်းလုံးညီညွတ်စွာ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်မှုတို့ဖြင့် ပုံမှန်အခြေအနေနီးပါး ပြန်လည်သက်ဝင်လှုပ်ရှားလာခဲ့ပြီဖြစ်ရာ မြန်မာ့ရုပ်ရှင်လောက နိုင်ငံတကာနှင့် ရင်ပေါင်တန်းဖွံ့ဖြိုးတိုးတက်လာနိုင်စေရေး၊ နိုင်ငံနှင့်ပြည်သူ့အကျိုး ဆတက်ထမ်းပိုးထမ်းဆောင်နိုင်ရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရပါမည့်အကြောင်း။ ။

**စည်းလုံးခြင်းသည်**
**အင်အား**
**ပြည်ထောင်စု၏**
**စွမ်းပကား**

## ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၃

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တို့တွင် ယနေ့ အများအားဖြင့် သာယာမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။

မိုး/ဇလ



## ၂၀၂၄ ခုနှစ်၊ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုကြီးထာဝစဉ်တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကာကွယ်စောင့်ရှောက်ရေး။

(၂) တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ အပြည့်အဝရရှိစေရန်အတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူ အတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

(၃) တိုင်းရင်းသားပြည်သူအားလုံး၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးအကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများနှင့် MSME အခန်းကဏ္ဍတို့ မြှင့်တင်ဆောင်ရွက်ရေး။

(၄) နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ပေါ်လာရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာရေး တိုင်းရင်းသားအားလုံး ဝိုင်းဝန်းဆောင်ရွက်ရေး။

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၄-၂-၂၀၂၄ ကျပ်/လီတာ

| [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၆၃၈ | ၂၇၂၅ |
| 95 Ron | ၂၇၆၀ | ၂၈၄၉ |
| HSD (500 ppm) | ၂၄၃၃ | ၂၅၁၁ |
| HSD (50 ppm) | ၂၄၇၆ | ၂၅၅၆ |
| HSD (10 ppm) | ၂၄၉၁ | ၂၅၇၀ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

- အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
- အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၇၅)နှစ်မြောက် စိန်ရတုအမြောက်တပ်ဖွဲ့နေ့အထိမ်းအမှတ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

## ☆ နိုင်ငံတော် ကာကွယ်ရေးအတွက် စစ်ဆင်ရေးတာဝန်ထမ်းဆောင်ရာတွင်လည်း အမြောက်တပ်ဖွဲ့အစပြုရာ ၁၉၄၉ ခုနှစ် အင်းစိန်တိုက်ပွဲကစပြီး ယနေ့မျက်မှောက်ကာလ အကြမ်းဖက်သောင်းကျန်းသူနှိမ်နင်းရေးတိုက်ပွဲများအထိ “လိုအပ်သည့်အချိန် လိုအပ်သည့်နေရာသို့ လိုအပ်သောကျည်အရေအတွက် ကျရောက်ပေါက်ကွဲစေရမည်” ဆိုသည့် ရည်မှန်းချက်တာဝန်နှင့်အညီ ထိရောက်စွာပစ်ခတ်တိုက်ပွဲဝင်နိုင်ခဲ့ပြီး စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရှိရသည့်အတွက် ဂုဏ်ယူ

** ရွှေဖုံးမှ*

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်သည် အခမ်းအနားကျင်းပမည့်နေရာသို့ ရောက်ရှိရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး**

ထို့နောက် အခမ်းအနား အစီအစဉ် ပထမပိုင်းအဖြစ် စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦး၊ တိုင်းမှူး ဗိုလ်ချုပ် စောသန်းလှိုင်နှင့် အမြောက်တပ်ဖွဲ့ ညွှန်ကြားရေးမှူး ဗိုလ်ချုပ် သက်အောင်တို့က (၇၅) နှစ်မြောက် စိန်ရတုအမြောက်တပ်ဖွဲ့နေ့အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က (၇၅)နှစ်မြောက် စိန်ရတုအမြောက်တပ်ဖွဲ့နေ့ အထိမ်းအမှတ် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် အခမ်းအနားအစီအစဉ် ဒုတိယပိုင်းကို ဆင်ဖြူရှင်ခန်းမအတွင်း၌ ဆက်လက်ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် (၇၅)နှစ်မြောက် စိန်ရတုအမြောက်တပ်ဖွဲ့နေ့ ဂုဏ်ပြုသီချင်းဖြစ်သည့် **“စိန်ရတုမှသည် ရတုအဆက်ဆက်ချီ”** သီချင်းဖြင့် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကြသည်။

**ဂုဏ်ပြုအမှာစကားပြောကြား**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က (၇၅)နှစ်မြောက် စိန်ရတုအမြောက်တပ်ဖွဲ့နေ့ အထိမ်းအမှတ်ဂုဏ်ပြုအမှာစကား ပြောကြားရာတွင် ယနေ့သည် တပ်မတော်၏ အဓိကလက်ရုံးတပ်ဖွဲ့ တစ်ခုဖြစ်သည့် အမြောက်တပ်ဖွဲ့၏ သက်တမ်း (၇၅)နှစ်ပြည့်မြောက်သည့် စိန်ရတုနှစ်ပတ်လည်နေ့ အခါသမယပင်ဖြစ်ကြောင်း၊ အမြောက်တပ်ဖွဲ့ဝင်များအနေဖြင့် စတင်တည်ထောင်ချိန်မှ ယနေ့ ကာလအထိ နိုင်ငံတော်ကာကွယ်ရေးအတွက် ပေးအပ်လာသည့် တာဝန်များအပေါ် “ရွှေ့ပြောင်း၊ ပစ်ခတ်၊ ဆက်သွယ်” ဆိုသည့် အမြောက်တပ်ဖွဲ့၏ ဆောင်ပုဒ်နှင့်အညီ ကိုယ်စွမ်း ဉာဏ်စွမ်းရှိသမျှ အကောင်းဆုံး ကျေပွန်အောင် စွမ်းဆောင် ခဲ့ကြသည့်အတွက် အသိအမှတ်ပြု ဝမ်းမြောက်ဂုဏ်ယူမိကြောင်း။

အမြောက်တပ်ဖွဲ့၏ သမိုင်းကြောင်းကို လေ့လာကြည့်မည်ဆိုပါက ဗမာ့ကာကွယ်ရေး တပ်မတော်ကာလတွင် အမြောက်တပ်ဖွဲ့ ဖွဲ့စည်းရန် ရည်ရွယ်ပြီး ၁၉၄၆ ခုနှစ် မေလတွင် အမှတ်(၁) မြေပြင်ပစ်အမြောက်တပ် No(1) Field Artillery အဖြစ် စတင်ဖွဲ့စည်းခဲ့သည်ကို တွေ့ရကြောင်း၊ အဆိုပါအချိန်သည် လွတ်လပ်ရေးမရမီကာလဖြစ်ပြီး လွတ်လပ်စွာ စီမံပိုင်ခွင့် မရှိသေးခြင်းကြောင့် အမှတ်(၁)မြေပြင်ပစ် အမြောက်တပ်ကို ၁၉၄၇ ခုနှစ် အောက်တိုဘာလတွင် အမှတ်(၆)ဗမာ့သေနတ်ကိုင်တပ်ရင်းအဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့ရသည်ကို တွေ့ရကြောင်း။

**စိန်ရတုကာလကိုရောက်ရှိ**

၁၉၄၈ ခုနှစ် မတ်လတွင် ဗမာပြည်ကွန်မြူနစ်ပါတီ တောခိုသွားခြင်းနှင့်အတူ ပြည်တွင်းလက်နက်ကိုင် ဆူပူသောင်းကျန်းမှုများ ပေါ်ပေါက်လာခဲ့ပြီး “ရန်ကုန်အစိုးရ” ဟု ခေါ်ရလောက်အောင် ခြိမ်းခြောက်လာခဲ့ကြောင်း၊ အင်းစိန်ကို ကရင်သူပုန်တို့ ဝင်ရောက်တိုက်ခိုက်နေချိန်အတွင်း အမြောက်တပ်ဖွဲ့ကို ဗိုလ်ကြီး ရဲထွန်းနှင့် စစ်သည် ၆၃ ဦးဖြင့် စတင်ဖွဲ့စည်းပြီး အမြန်ဆုံးတိုက်ပွဲဝင်ရန် ဗိုလ်ချုပ် နေဝင်းကိုယ်တိုင်အမိန့်ထုတ် ဖွဲ့စည်းစေခဲ့သည့် ၁၉၄၉ ခုနှစ် ဖေဖော်ဝါရီ ၃ ရက်ကို အမြောက်တပ်ဖွဲ့၏ သန္ဓေတည်ပေါက်ဖွားရာ တပ်ဖွဲ့နေ့အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်ခြင်းကြောင့် ယနေ့ဆိုပါက (၇၅)နှစ်ဆိုသည့် စိန်ရတုကာလကို ရောက်ရှိခဲ့ပြီဖြစ်ကြောင်း။



စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦး၊ တိုင်းမှူး ဗိုလ်ချုပ် စောသန်းလှိုင်နှင့် အမြောက်တပ်ဖွဲ့ ညွှန်ကြားရေးမှူး ဗိုလ်ချုပ် သက်အောင် (၇၅) နှစ်မြောက် စိန်ရတုအမြောက်တပ်ဖွဲ့နေ့အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

အမြောက်တပ်ဖွဲ့ အနေဖြင့် စတင်ဖွဲ့စည်းစဉ်ကတည်းက အမိန့်နာခံပြီး စစ်စည်းကမ်းကောင်းမွန်သည့် အစဉ်အလာကောင်းများ ပိုင်ဆိုင်ထားသည့် အဖွဲ့အစည်းတစ်ခုအဖြစ် တွေ့မြင်ရမည်ဖြစ်ပြီး ပေးအပ်သည့် အမိန့်အတိုင်း သုံးရက်အတွင်း ဖွဲ့စည်းပြင်ဆင်ကာ သမိုင်းဝင်အင်းစိန် တိုက်ပွဲတွင် ထူးချွန်ပြောင်မြောက်စွာ ပစ်ကူပေး တိုက်ပွဲဝင်နိုင်ခဲ့သည်ကို ဂုဏ်ယူဖွယ်ရာ တွေ့ရှိရမည်ဖြစ်ကြောင်း။

**စွမ်းစွမ်းတမံဆောင်ရွက်နိုင်**

နိုင်ငံတော် ကာကွယ်ရေးအတွက် စစ်ဆင်ရေးတာဝန်ထမ်းဆောင်ရာတွင်လည်း အမြောက်တပ်ဖွဲ့အစပြုရာ ၁၉၄၉ ခုနှစ် အင်းစိန်တိုက်ပွဲကစပြီး ယနေ့မျက်မှောက်ကာလ အကြမ်းဖက်သောင်းကျန်းသူ နှိမ်နင်းရေးတိုက်ပွဲများအထိ “လိုအပ်သည့်အချိန် လိုအပ်သည့်နေရာသို့ လိုအပ်သောကျည်အရေအတွက် ကျရောက် ပေါက်ကွဲစေရမည်” ဆိုသည့် ရည်မှန်းချက်တာဝန်နှင့်အညီ ထိရောက်စွာပစ်ခတ်တိုက်ပွဲဝင်နိုင်ခဲ့ပြီး *စာမျက်နှာ ၄ သို့*

*စာမျက်နှာ ၃ မှ*

စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရှိရသည့်အတွက် ဂုဏ်ယူကြောင်း။

အမြောက် တပ်ဖွဲ့ဝင်များ အနေဖြင့် တပ်ဖွဲ့၏မူလတာဝန်များကိုသာမက တပ်မတော်၏ ပြည်သူ့အကျိုးပြု လုပ်ငန်းများ၊ ၂၀၀၈ ခုနှစ်က ဖြစ်ပွားခဲ့သည့် နာဂစ်မုန်တိုင်း၊ ၂၀၂၃ ခုနှစ်က ဖြစ်ပွားခဲ့သည့် မိုခါမုန်တိုင်းများ အပြင် နိုင်ငံအတွင်းဖြစ်ပွားခဲ့သည့် အခြား သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကူညီကယ်ဆယ်ရေးလုပ်ငန်းများတွင်လည်း တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ခဲ့ကြသည်ကို တွေ့ရှိရကြောင်း။

**ဂုဏ်ယူအသိအမှတ်ပြု**

ထို့ပြင် ယနေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအစိုးရလက်ထက်တွင် နိုင်ငံတော်ကို ဘက်ပေါင်းစုံက အဖျက်အမှောင့်လုပ်ငန်းမျိုးစုံ ဆောင်ရွက်နေသည့် အကြမ်းဖက် သောင်းကျန်းသူများကို ချေမှုန်းရာတွင်လည်း အမြောက်တပ်ဖွဲ့ဝင်များ၏ ပြောင်မြောက်သည့် စွမ်းဆောင်ရည်များကို တွေ့ရှိခဲ့ရခြင်းကြောင့် အမြောက်တပ်ဖွဲ့၏ တိုက်ပွဲဝင်အသင့်ရှိမှုအပေါ် ဂုဏ်ယူအသိအမှတ်ပြုသည်ကို ပြောကြားလိုကြောင်း။

အမြောက်တပ်ဖွဲ့ အနေဖြင့် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရန် ခေတ်မီအမြောက်လက်နက်များ၊ ခဲယမ်းများနှင့် အမြောက်တပ်ဖွဲ့သုံးကိရိယာများကို တပ်ဆင်ပေးနေသကဲ့သို့ ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးပြုနိုင်စေရေးအတွက် ပြည်ပနိုင်ငံများကို ပညာတော်သင်များ စေလွှတ်ပေးခြင်းတို့လည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်ပမှ လေ့လာသင်ယူခဲ့သည့်ပညာရပ်များကို မိမိတို့တွင်ရှိပြီး အမြောက်ပညာရပ်များနှင့် ပေါင်းစပ်ပြီး အမြောက်တပ်ဖွဲ့မှ အရာရှိ၊ စစ်သည်များကို ပိုမိုသိရှိနားလည်အောင် သင်တန်းများ ဖွင့်လှစ်ပြီး ပြန်လည်သင်ကြား လေ့ကျင့်ပေးလျက်ရှိကြောင်း။

လေ့ကျင့်ရေးပိုင်းတွင်လည်း တပ်မတော်တွင် ပြုလုပ်ခဲ့သည့် တပ်မတော် (ကြည်း၊ ရေ၊ လေ) ပူးပေါင်းစစ်ဆင်ရေးများ၊ (ကြည်း၊ လေ၊ အမြောက်၊ သံချပ်ကာ) ပူးပေါင်းစစ်ဆင်ရေး လေ့ကျင့်ခန်းများတွင်လည်း အခြားတပ်ဖွဲ့များနှင့်အတူ ပူးပေါင်းပါဝင်လေ့ကျင့်ဆောင်ရွက်နိုင်ခဲ့ပြီး အမြောက်တပ်ဖွဲ့၏ အဓိကဆောင်ရွက်ရမည့် တာဝန်များကို အောင်မြင်အောင် လေ့ကျင့်နိုင်ခဲ့သည်ကို တွေ့ရကြောင်း။

**ဝင့်ကြွားထည်ဝါစွာရပ်တည်နိုင်**

မြန်မာ့လွတ်လပ်ရေးနှင့်အတူ ပေါ်ပေါက်လာခဲ့သည့် အမြောက်တပ်ဖွဲ့သည် နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ဝိုင်းဝန်းကာကွယ်ရင်း ယနေ့တွင် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သည့် ခေတ်မီအမြောက်တပ်ဖွဲ့ တစ်ခုအဖြစ် ဝင့်ကြွားထည်ဝါစွာ ရပ်တည်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ ထို့ကြောင့် စွမ်းရည်ရှိသည့်တပ်၊ စွမ်းအားရှိသည့်တပ်၊ နိုင်ငံတော်ကာကွယ်ရေးအတွက် အားထားရသည့် လက်ရုံးတပ် အမြဲတမ်းဖြစ်နေစေရေးတပ်ဖွဲ့ဝင်အားလုံးက အားသွန်ခွန်စိုက်ကြိုးပမ်းကြရန် မှာကြားလိုကြောင်း။

အမြောက်တပ်ဖွဲ့မှ အရာရှိ၊ စစ်သည်များအနေဖြင့် နိုင်ငံတော်နှင့် တပ်မတော်က ပေးအပ်လာသည့်တာဝန်များအပေါ် ဦးလည်မသုန် ထမ်းရွက်နိုင်ကြသည်ကိုလည်း (၇၅)နှစ်တာ ခရီးတွင်

*စာမျက်နှာ ၅ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၇၅) နှစ်မြောက် စိန်ရတုအမြောက် တပ်ဖွဲ့နေ့အခမ်းအနားတွင် ဂုဏ်ပြုအမှာစကား ပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အခမ်းအနားတက်ရောက်လာကြသည့် အငြိမ်းစားဆက်သွယ်ရေး အမြောက်တပ်ဖွဲ့ဝင် အရာရှိကြီးများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၇၅)နှစ်မြောက် စိန်ရတု အမြောက်တပ်ဖွဲ့နေ့ အထိမ်းအမှတ်ပြခန်းများအတွင်း လှည့်လည်ကြည့်ရှုလေ့လာစဉ်။

**“ မြန်မာ့လွတ်လပ်ရေးနှင့်အတူ ပေါ်ပေါက်လာခဲ့သည့် အမြောက်တပ်ဖွဲ့သည် နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာ အာဏာကို ဝိုင်းဝန်း ကာကွယ်ရင်း ယနေ့တွင် နိုင်ငံတကာနှင့် ရင်ပေါင် တန်းနိုင်သည့် ခေတ်မီအမြောက် တပ်ဖွဲ့ တစ်ခုအဖြစ် ဝင့်ကြွား ထည်ဝါစွာရပ်တည်နိုင် ”**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများ (၇၅)နှစ်မြောက် စိန်ရတုအမြောက်တပ်ဖွဲ့နေ့ ဂုဏ်ပြုသီချင်းဖြစ်သည့် "စိန်ရတုမှသည် ရတုအဆက်ဆက်ချီ" သီချင်းဖြင့် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကြစဉ်။

*စာမျက်နှာ ၄ မှ*

အကြိမ်ကြိမ်သက်သေပြနိုင်ခဲ့ကြပြီး ဘွဲ့ထူး၊ ဂုဏ်ထူးများ ရရှိသူ အရာရှိ၊ စစ်သည်၊ ရဲမေများ ပေါ်ထွက်ခဲ့သည့် အတွက်လည်း အသိအမှတ်ပြု ဂုဏ်ယူသည်ကို ပြောကြားလိုကြောင်း။

လက်ဆင့်ကမ်းထိန်းသိမ်း

မျိုးဆက်သစ် အမြောက်တပ်ဖွဲ့ဝင်များ အနေဖြင့်လည်း အမြောက်တပ်ဖွဲ့၏ အစဉ်အလာကောင်းများကို လက်ဆင့်ကမ်းတာဝန်ယူ ထိန်းသိမ်းသွားကြပြီး အနာဂတ်တပ်မတော်နှင့် အမြောက်တပ်ဖွဲ့ဝင်များကို အဖိုးတန်အမွေအဖြစ် ပေးအပ်နိုင်ရန် ကြိုးစားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ အမြောက်တပ်ဖွဲ့ဝင်များအနေဖြင့် ချမှတ်ထားသည့် မိမိတို့၏ တပ်ဖွဲ့ဆောင်ပုဒ်များ၊ ကြွေးကြော်သံများအတိုင်း ထိန်းသိမ်းဆောင်ရွက်ကြပြီး ကျရာတာဝန်များကို ကျေပွန်အောင် ဆက်လက် ထမ်းဆောင်ကြရန် တိုက်တွန်းမှာကြားရင်း (၇၅)နှစ်မြောက် စိန်ရတုအမြောက်တပ်ဖွဲ့နေ့မှသည် နောင်လာမည့် ရတုများစွာတိုင်အောင် စွမ်းရည်ထက်မြက်သည့် တပ်ဖွဲ့တစ်ခုအဖြစ် ဆက်လက်ရပ်တည်နိုင်ပါစေရန် ဆုမွန်ကောင်းတောင်းပါကြောင်း ပြောကြားသည်။

ထို့နောက် အမြောက်တပ်ဖွဲ့ညွှန်ကြားရေးမှူးက တပ်ဖွဲ့သမိုင်းအကျဉ်းချုပ်ကို ရှင်းလင်းတင်ပြပြီး (၇၅)နှစ်မြောက် စိန်ရတုအမြောက်တပ်ဖွဲ့နေ့ အထိမ်းအမှတ် မှတ်တမ်း Documentary Video ကို ပြသသည်။

ယင်းနောက် (၇၅) နှစ်မြောက် စိန်ရတု အမြောက်တပ်ဖွဲ့နေ့ ဂုဏ်ပြုသီချင်းဖြစ်သည့် "The God of War" ကို အမြောက်တပ်ဖွဲ့ဝင်များက ဖျော်ဖြေတင်ဆက်သည်။


ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ထံသို့ အမြောက်တပ်ဖွဲ့ညွှန်ကြားရေးမှူးက (၇၅) နှစ်မြောက်စိန်ရတု အမြောက်တပ်ဖွဲ့နေ့အထိမ်းအမှတ် လက်ဆောင်ကို နေရာအရောက် ဂါရဝပြုပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်သည် တက်ရောက်လာကြသည့် အငြိမ်းစားဆက်သွယ်ရေး အမြောက်တပ်ဖွဲ့ဝင် အရာရှိကြီးများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် တက်ရောက်လာကြသူများနှင့်အတူ (၇၅)နှစ်မြောက် စိန်ရတုအမြောက်တပ်ဖွဲ့နေ့ အထိမ်းအမှတ်ပြခန်းများအတွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် (၇၅)နှစ်မြောက် စိန်ရတုအမြောက်တပ်ဖွဲ့နေ့ အထိမ်းအမှတ်အဖြစ် တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုနေ့လယ်စာကို အတူတကွ သုံးဆောင်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံသို့ အမြောက်တပ်ဖွဲ့ညွှန်ကြားရေးမှူးက (၇၅) နှစ် မြောက်စိန်ရတု အမြောက်တပ်ဖွဲ့နေ့အထိမ်းအမှတ်လက်ဆောင်ကို နေရာအရောက် ဂါရဝပြုပေးအပ်စဉ်။

**☆ အမြောက်တပ်ဖွဲ့မှ အရာရှိ၊ စစ်သည်များအနေဖြင့် နိုင်ငံတော်နှင့် တပ်မတော်က ပေးအပ်လာသည့်တာဝန်များအပေါ် ဦးလည်မသုန် ထမ်းရွက်နိုင်ကြသည်ကိုလည်း (၇၅)နှစ်တာခရီးတွင် အကြိမ်ကြိမ်သက်သေပြနိုင်ခဲ့ကြပြီး ဘွဲ့ထူး၊ ဂုဏ်ထူးများ ရရှိသူ အရာရှိ၊ စစ်သည်၊ ရဲမေများ ပေါ်ထွက်ခဲ့သည့်အတွက်လည်း အသိအမှတ်ပြု ဂုဏ်ယူသည်ကို ပြောကြားလို**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ၂၀၂၃ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

❖ *ကျောဖုံးမှ*

ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူးနှင့် ဇနီး၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး နာယကများ၊ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံသဘင်၊ ဂီတ အစည်းအရုံး ဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ မြန်မာ့ရုပ်ရှင်ထူးချွန်ဆု စိစစ်အကဲဖြတ်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ရုပ်ရှင်၊ စာပေ၊ သဘင်၊ ဂီတ နယ်ပယ်အသီးသီးမှ အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် အနုပညာရှင်များ၊ တာဝန်ရှိသူများနှင့် အထူးဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ၁၉၅၂ ခုနှစ်မှ ၂၀၂၂ ခုနှစ်အထိ မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရရှိကြသူများ၊ ထူးချွန်ဆုရဇာတ်ကားများ၊ ထူးချွန်ဆုရ အနုပညာရှင်များနှင့် အတတ်ပညာရှင်များ၏ မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုစဉ်။

အခမ်းအနား မစတင်မီ တေးသံရှင်များနှင့် အနုပညာရှင်များက တေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်ဇနီးတို့သည် အခမ်းအနား ကျင်းပမည့် ကျောက်စိမ်းခန်းမအဝင် လျှောက်လမ်း၌ ပြသထားသည့် ၁၉၅၂ ခုနှစ်မှ ၂၀၂၂ ခုနှစ်အထိ မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရရှိကြသူများ၊ ထူးချွန်ဆုရဇာတ်ကားများနှင့် ထူးချွန်ဆုရအနုပညာရှင်များ၊ အတတ်ပညာရှင်များ၏ မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုကြသည်။

**ထင်ပေါ်ကျော်ကြားခဲ့သော ရုပ်ရှင်ဇာတ်ကား (၆) ကားကို သရုပ်ဖော်တင်ဆက်**

ထို့နောက် မြန်မာ့ရုပ်ရှင် ခေတ်ဦးမှရာပြည့်အလွန်သက်တမ်းအထိ ခေတ်အဆက်ဆက်တွင် ထင်ပေါ်ကျော်ကြားခဲ့သော ရုပ်ရှင်ဇာတ်ကား (၆) ကားကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနနှင့် Forever Group မှ အနုပညာရှင်များက ကြယ်စင်လက်ကမ်းအစီအစဉ်ဖြင့် သရုပ်ဖော်တင်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က စက်ခလုတ်ခုံတွင် အကယ်ဒမီ ရွှေကြယ်ကို စိုက်ထူ၍ ၂၀၂၃ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနတို့က ဂုဏ်ပြုစီစဉ်တင်ဆက်သည့် “ရာပြည့်နှစ်အလွန် အကျိုးဆက်ရှာဖွေ မြန်မာ့ရုပ်ရှင် တိုးတက်ပါစေ” မှတ်တမ်း Video Clip ကို ပြသသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် ယခုကဲ့သို့ မင်္ဂလာရှိသည့် အချိန်အခါသမယတွင် ရုပ်ရှင်ထူးချွန် အနုပညာရှင်ကြီးများကို ဂုဏ်ပြုခွင့်ရသည့်အတွက် မိမိအနေဖြင့် လွန်စွာဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ ကမ္ဘာ့ရုပ်ရှင်သည် ၁၉ ရာစုနှောင်းပိုင်းတွင် စတင်ပေါ်ပေါက်ခဲ့ပြီး မြန်မာ့ရုပ်ရှင်သည် ၂၀ ရာစုဆန်းပိုင်းတွင်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အကယ်ဒမီရွှေကြယ်ကို စိုက်ထူ၍ ၂၀၂၃ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနား ဖွင့်လှစ်ပေးစဉ်။

စတင်ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည့်အတွက် မြန်မာ့ရုပ်ရှင်ခေတ်ဦးသည် ကမ္ဘာနှင့်ရင်ပေါင်တန်းနိုင်ခဲ့သည်ဟု ပြောဆိုရမည်ဖြစ်ကြောင်း။

**“မေတ္တာနဲ့ သူရာ” ဇာတ်ကား မြန်မာဇာတ်ကား စစ်စစ်ဖြစ်**

၁၉၂၀ တွင် ပထမဆုံး ရုံတင်ပြသခဲ့သည့် **“မေတ္တာနဲ့ သူရာ”** ဇာတ်ကားသည် မြန်မာစာရေးဆရာနှင့် ဇာတ်ညွှန်းရေးဆရာတို့က ရေးသားဖော်ကျူးထားသည့် မြန်မာတို့၏ လူနေမှုဘဝဇာတ်အိမ်အပေါ် မြန်မာဒါရိုက်တာနှင့် ဓာတ်ပုံဆရာတို့က မြန်မာမင်းသား၊ မင်းသမီးများနှင့်အတူ ပုံဖော်ရိုက်ကူး တင်ဆက်ထားသည့် မြန်မာဇာတ်ကား စစ်စစ်ဖြစ်ကြောင်းကို လေ့လာတွေ့ရှိရပါကြောင်း။

အဆိုပါဇာတ်ကားကို ဖန်တီးရိုက်ကူး တင်ဆက်ခဲ့ကြသူများဖြစ်ကြသည့် မြန်မာ့ရုပ်ရှင်ဖခင်ကြီး ဦးအုန်းမောင်နှင့်အတူ ဒါရိုက်တာကြီး ဦးတုတ်ကြီး၊ ဇာတ်ညွှန်းရေးဆရာ စာရေးဆရာကြီး ပီမိုးနင်း၊ ရုပ်ရှင်ဓာတ်ပုံဆရာကြီး ဦးမောင်မောင်၊ ရုပ်ရှင်မင်းသား ဦးဘဌေး(ဦးညီပု)၊ ရုပ်ရှင်မင်းသမီး မအေးကြည် (မအေးရီ)၊ လူကြမ်းသရုပ်ဆောင် မောင်မောင်ချစ် အစရှိသည့် မြန်မာနိုင်ငံသားများကိုယ်တိုင်က ပထမဆုံးသော မြန်မာ့ရုပ်ရှင်သမိုင်းကို လှပစွာ ဖွင့်လှစ်ပေးခဲ့ကြ သူများအဖြစ် မိမိတို့အားလုံး လေးစားအသိအမှတ်ပြုကြရမည်ဖြစ်ကြောင်း။

**ရုပ်ရှင်ဇာတ်ကားပေါင်းများစွာ ထုတ်လုပ်ကြိုးပမ်းခဲ့ကြ**

မြန်မာ့ရုပ်ရှင်၏ နှစ်တစ်ရာကျော်ခရီးကို ပြန်လည်ဆန်းစစ်ကြည့်မည်ဆိုပါက ရုပ်ရှင်အနုပညာ အတတ်ပညာရှင်များသည် အခက်အခဲအမျိုးမျိုးကို မည်သို့ပင်ရင်ဆိုင် တွေ့ကြုံခဲ့ကြရသော်လည်း မြန်မာနိုင်ငံသူ နိုင်ငံသားများကို ဘဝအသိ၊ ဘဝအတွေ့အကြုံများ မျှဝေပေးနိုင်သည့် ရုပ်ရှင်ဇာတ်ကားပေါင်းများစွာကို ကိုယ်စွမ်းဉာဏ်စွမ်း ရှိသမျှ ဖန်တီးထုတ်လုပ်ကြိုးပမ်းခဲ့ကြသည်ကို တွေ့မြင်ရမည်ဖြစ်ပါကြောင်း။

တစ်နည်းအားဖြင့် အသံတိတ်မှ အသံထွက်၊ အဖြူအမည်းမှ ဆေးရောင်စုံ၊ မြင်ကွင်းငယ်မှ မြင်ကွင်းကျယ် စသည်ဖြင့် ရုပ်ရှင်နှစ်တစ်ရာကျော်ခရီးကို နိုင်ငံတကာ ရုပ်ရှင်ဖွံ့ဖြိုးမှုနှင့်အတူ လိုက်ပါပြီး ဖွံ့ဖြိုးတိုးတက်အောင် ကြံစည်ကြိုးပမ်းအားထုတ်ခဲ့ကြပါကြောင်း၊ ထိုသို့ကြိုးစားအားထုတ်ခဲ့ကြသည့် အနုပညာသူရဲကောင်းကြီးများကိုလည်း မိမိတို့အားလုံးက လေးစားတန်ဖိုးထားပါကြောင်းကို အလေးအနက် ပြောကြားလိုပါကြောင်း။

ထို့အပြင် ကိုလိုနီခေတ်မှစပြီး ငွေရတု၊ ရွှေရတု၊ စိန်ရတုနှင့်

*စာမျက်နှာ ၇ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း မြန်မာ့ရုပ်ရှင်ခေတ်ဦးမှ ရာပြည့်အလွန်သက်တမ်းအထိ ခေတ်အဆက်ဆက်ထင်ပေါ်ကျော်ကြားခဲ့သော ရုပ်ရှင်ဇာတ်ကား (၆) ကား သရုပ်ဖော်တင်ဆက်မှုကို ကြည့်ရှုစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ရုပ်ရှင်တစ်သက်တာထူးချွန်ဆုရ အကယ်ဒမီ ဒါရိုက်တာပန်းချီစိုးမိုးကို ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ရုပ်ရှင်တစ်သက်တာထူးချွန်ဆုရ ဒါရိုက်တာ အောင်မြင့်မြတ်ကို ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၏ ဇနီး ဒေါ်သန်းသန်းနွယ် ရုပ်ရှင်တစ်သက်တာထူးချွန်ဆုရ အကယ်ဒမီနွဲ့နွဲ့စန်းကို ဆုပေးအပ်ချီးမြှင့်စဉ်။

**❝ မိုခါမုန်တိုင်းကြောင့် ထိခိုက်ခဲ့ရသည့် ဒေသခံတိုင်းရင်းသား ပြည်သူများကို ရုပ်ရှင်၊ ဂီတ၊ သဘင်၊ ဟာသပညာရှင် အစည်းအရုံးများမှ အနုပညာရှင်များစုပေါင်းပြီး တတ်နိုင်သမျှထောက်ပံ့ကူညီပေးခဲ့ခြင်း၊ ကိုယ်တိုင်ကိုယ်ကျ သွားရောက်အားပေးဆောင်ရွက်ခဲ့ခြင်းများ၊ ရန်ပုံငွေရရှိရေးအတွက် ပဒေသာကပွဲ၊ ဘောလုံးပြိုင်ပွဲများ ကျင်းပဆောင်ရွက်ခဲ့သည်များကို မြန်မာနိုင်ငံအတွင်းသာမက ကမ္ဘာ့နိုင်ငံအသီးသီးက မြန်မာ့အနုပညာရှင်များ၏ လှုပ်ရှားမှုများကို တွေ့မြင်ရသူတိုင်း၊ ကြားသိရသူတိုင်း ကြည်နူးဝမ်းမြောက်ခဲ့၊ ထိုသို့ဆောင်ရွက်ပေးခြင်းသည် "အရေးကြီးရင် သွေးစည်းတယ်၊ အရေးကြုံရင် သွေးဆုံတယ်" ဆိုသည့် မိသားစုစိတ်ဓာတ်များ ပေါ်လွင်ထင်ရှားလာသကဲ့သို့ အနုပညာရှင် များ၏ စည်းလုံးညီညွတ်မှုနှင့် နိုင်ငံ့အရေးအတွက် အမျိုးသားရေးစိတ်ရှိခြင်းဆိုသည့် ပြယုဂ်ကို ပြသလိုက်ခြင်းပင်ဖြစ် ❞**

*စာမျက်နှာ ၆ မှ*

ရာပြည့်ခေတ်တိုင်အောင် ခေတ်စနစ်အမျိုးမျိုးကြားတွင် ပျော်ရွှင်လွမ်းမောဖွယ်ရာ လူမှုဘဝများကိုသာမက နိုင်ငံတော်၏အရေးပါသော အခန်းကဏ္ဍများ၊ နိုင်ငံ၏ပကတိအခြေအနေများကို အနုပညာနှင့် ထင်ဟပ်ဖော်ပြတင်ဆက်နိုင်ခဲ့သည်ကိုလည်း နိုင်ငံနှင့်ပြည်သူအပေါ် မိမိတို့ တတ်ကျွမ်းနားလည်သည့် အနုပညာနှင့် တာဝန်ကျေပွန်စွာ ဆောင်ရွက်ပေးနိုင်ခဲ့ပြီဟုလည်း ထပ်လောင်းပြောကြားလိုပါကြောင်း။

**နိုင်ငံနှင့်ပြည်သူအပေါ် ဆက်လက်အကျိုးပြု ဖော်ဆောင်**

မည်သို့ပင်ဖြစ်စေကာမူ မိမိတို့ ချစ်ခင်မြတ်နိုးရသည့် မြန်မာ့ရုပ်ရှင်အနုပညာသည် ပြောင်းလဲနေသည့် ခေတ်ရေစီးကြောင်းပေါ်တွင် ကြည်ကြည်လင်လင် သန့်သန့်စင်စင်နှင့် ဖြတ်သန်းစီးဆင်းကာ နိုင်ငံနှင့်ပြည်သူအပေါ် ဆက်လက်အကျိုးပြု ဖော်ဆောင်နိုင်ပါစေဟု တိုက်တွန်းပြောကြားလိုပါကြောင်း။

၂၀၂၃ ခုနှစ် မေလ ၁၄ ရက်နေ့တွင် ရခိုင်ပြည်နယ် စစ်တွေမြို့နှင့် အနီးတစ်ဝိုက် မြို့များတွင် ကျရောက်ခဲ့သည့် ပြင်းထန်သည့် မိုခါမုန်တိုင်းဒဏ်ကြောင့် ဒေသခံပြည်သူများသည် ထိခိုက်ပျက်စီးမှုနှင့်အတူ ဆင်းရဲဒုက္ခအတိရောက်ရှိခဲ့ကြပါကြောင်း၊ ထိုသို့ မိုခါမုန်တိုင်းကြောင့် ထိခိုက်ခဲ့ရသည့် ဒေသခံတိုင်းရင်းသားပြည်သူများကို ရုပ်ရှင်၊ ဂီတ၊ သဘင်၊ ဟာသပညာရှင် အစည်းအရုံးများမှ အနုပညာရှင်များ စုပေါင်းပြီး တတ်နိုင်သမျှထောက်ပံ့ကူညီပေးခဲ့ခြင်း၊ ကိုယ်တိုင်ကိုယ်ကျ သွားရောက်အားပေးဆောင်ရွက်ခဲ့ခြင်းများ၊ ရန်ပုံငွေရရှိရေးအတွက် ပဒေသာကပွဲ၊ ဘောလုံးပြိုင်ပွဲများ ကျင်းပဆောင်ရွက်ခဲ့သည်များကို မြန်မာနိုင်ငံအတွင်းသာမက ကမ္ဘာ့နိုင်ငံအသီးသီးက မြန်မာ့အနုပညာရှင်များ၏ လှုပ်ရှားမှုများကို တွေ့မြင်ရသူတိုင်း၊ ကြားသိရသူတိုင်း ကြည်နူးဝမ်းမြောက်ခဲ့ပါကြောင်း၊ ထိုသို့ ဆောင်ရွက်ပေးခြင်းသည် **"အရေးကြီးရင် သွေးစည်းတယ်၊ အရေးကြုံရင် သွေးဆုံတယ်"** ဆိုသည့် မိသားစုစိတ်ဓာတ်များ ပေါ်လွင်ထင်ရှားလာသကဲ့သို့ အနုပညာရှင်များ၏ စည်းလုံးညီညွတ်မှုနှင့် နိုင်ငံ့အရေးအတွက် အမျိုးသားရေးစိတ် ရှိခြင်းဆိုသည့် ပြယုဂ်ကို ပြသလိုက်ခြင်းပင်ဖြစ်ပါကြောင်း။

**ရုပ်ရှင်သည် ပြည်သူအတွက်**

တစ်နည်းအားဖြင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ခေတ်အဆက်ဆက် လက်ကိုင်ပြုထားသည့် **"ရုပ်ရှင်သည် ပြည်သူအတွက်"** ဆိုသည့် ဆောင်ပုဒ်ကို လက်တွေ့အကောင်အထည်ဖော်ဆောင်ခြင်းဖြစ်သည့်အတွက် နိုင်ငံတော်အစိုးရက အသိအမှတ်ပြုပါကြောင်းနှင့် နောင်တွင်လည်း ယခုထက် ပိုမိုအကျိုးပြုနိုင်ကြပါစေကြောင်းကို တိုက်တွန်းပြောကြားလိုပါကြောင်း။

အထူးသဖြင့် ပြောကြားလိုသည်မှာ စာပေ၊ ရုပ်ရှင်၊ ဂီတ၊ သဘင် နယ်ပယ်ကဏ္ဍအသီးသီးတွင် ပါဝင်လှုပ်ရှားဆောင်ရွက်နေကြသည့် အနုပညာရှင်များအနေနှင့် နိုင်ငံတော်၏အရေး၊ ပြည်သူများ၏ အရေးကို ယခုကဲ့သို့ ကြိုးပမ်းဆောင်ရွက်ကြသည့်အခါတွင် အရေးကြီးဆုံးအချက်အနေဖြင့် လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ အရေးကိစ္စနှင့် မိမိအဖွဲ့အစည်းအရေးကိစ္စ ယှဉ်လာပါက အဖွဲ့အစည်းအရေး၊ ၎င်းမှတစ်ဆင့် အဖွဲ့အစည်းအရေးနှင့် နိုင်ငံ့အရေးယှဉ်လာပါကလည်း နိုင်ငံ့အရေးကိစ္စကို ဦးစားပေး ဆောင်ရွက်နိုင်ရေး မှန်ကန်စွာ ခွဲခြားသိမြင်ပြီး

*စာမျက်နှာ ၈ သို့*

*စာမျက်နှာ ၇ မှ*

တိုင်းပြည်၏ အနာဂတ်၊ ပြည်သူများ၏ အနာဂတ်ကို လှပစွာ ဝိုင်းဝန်းကူညီ ဖော်ဆောင်ပေးကြရန် လိုအပ်မည်ဖြစ်ကြောင်းကိုလည်း တိုက်တွန်းပြောကြားလိုပါကြောင်း။

ယနေ့အချိန်တွင် နိုင်ငံတော်အစိုးရသည် **“တိုင်းပြည်သာယာဝပြောရေးနဲ့ စားရေရိက္ခာ ဖူလုံရေး”** ဆိုသည့် အမျိုးသားရေးရည်မှန်းချက် (၂) ရပ်ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ တိုင်းပြည်သာယာ ဝပြောရန်အတွက် ပြည်တွင်းတွင် စားရေရိက္ခာ ဖူလုံပြည့်ဝရန် လိုအပ်သကဲ့သို့ စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအပေါ် ဈေးကွက်ဝင်ပို့ကုန်အမျိုးအစား အသီးသီးတို့ တိုးမြှင့်ထုတ်လုပ် ရောင်းချနိုင်မှသာ ပြည်သူများ၏ လူမှုစီးပွားဘဝ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက် မြင့်မားလာမည်ဖြစ်၍ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီကို နိုင်ငံတော်ဝန်ကြီးချုပ်မှ ဦးဆောင်ပြီး လုပ်ငန်းအဖွဲ့နှင့် အဖွဲ့ခွဲများသည် သက်ဆိုင်ရာတာဝန်ယူထားသည့် ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့် ချိတ်ဆက်လျက် အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက် ရှိပါကြောင်း၊ ထို့အပြင် နယ်မြေအလိုက် တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး အချက်များသည်လည်း မဖြစ်မနေလိုအပ်မည့် အခြေခံလိုအပ်ချက်များပင်ဖြစ်ပါကြောင်း၊ အဆိုပါ လိုအပ်ချက်များ ပြည့်စုံရန်အတွက် နိုင်ငံသားတိုင်းအားလုံးသည် နိုင်ငံချစ်စိတ်၊ တိုင်းပြည်ချစ်စိတ်နှင့် အမျိုးကိုချစ်စိတ် စသည့် **အစွန်းမရောက်သော အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံပြီး တိုင်းပြည်၏ အနာဂတ်ကို ပုံဖော်ဖန်တီးတည်ဆောက်ကြရမည်** ဖြစ်ပါကြောင်း။

အနုပညာရှင်ဆိုသည်မှာ နိုင်ငံတစ်နိုင်ငံ၊ လူ့အဖွဲ့အစည်းတစ်ရပ်၏ စွမ်းဆောင်ရည်ရှိမှုကို ထင်ဟပ်ပေါ်လွင်စေပြီး ပြည်သူကိုစေ့ဆော်တိုက်တွန်းမှု အားကောင်းသည့် ဒြပ်ရှိရော၊ ဒြပ်မဲ့ပါရှိသည့် ယဉ်ကျေးမှု ဘဏ္ဍာသိုက်ကြီးတစ်ခုဖြစ်ပါကြောင်း၊ တစ်နည်းအားဖြင့် ယဉ်ကျေးမှုအချင်းချင်း ကူးလူးဆက်ဆံရာ တံတားတစ်စင်းလည်းဖြစ်ကြောင်း၊ အမြင်အာရုံ၊ အကြားအာရုံ၊ စိတ်ခံစားမှုတို့နှင့် ပေါင်းစပ်ပြီး လူတို့၏ နှလုံးသားကို ရိုက်ခတ်သွားစေနိုင်ရုံသာမက လူများ၏ စိတ်ခံစားမှုကို ပြောင်းလဲစေနိုင်သည်အထိ *စာမျက်နှာ ၉ သို့*



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မြန်မာ့ရုပ်ရှင်တစ်သက်တာ ဆုရရှိကြသူများကို ဖွင့်ဖောက်ကြေညာစဉ်။



မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ အကယ်ဒမီများရှင် ကြည်စိုးထွန်း ဝမ်းမြောက်စကားပြောကြားစဉ်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း အကောင်းဆုံးအမျိုးသားဇာတ်ဆောင်ဆုရ အကယ်ဒမီများရှင် ရန်အောင်ကို အကယ်ဒမီရွှေစင်ရုပ်တု ချီးမြှင့်စဉ်။



အကောင်းဆုံးအမျိုးသမီးဇာတ်ဆောင်ဆုရ အကယ်ဒမီများရှင် စိုးမြတ်သူဇာ အကယ်ဒမီရွှေစင်ရုပ်တု လက်ခံယူစဉ်။



အကောင်းဆုံးရုပ်ရှင် ဒါရိုက်တာဆုရ ဒါရိုက်တာ တင်အောင်စိုး (ပန်းမြို့တော်) အကယ်ဒမီရွှေစင်ရုပ်တု လက်ခံယူစဉ်။



အကောင်းဆုံးအမျိုးသားဇာတ်ပို့ဆုရ နေဝင်း အကယ်ဒမီရွှေစင်ရုပ်တု လက်ခံယူစဉ်။



အကောင်းဆုံးအမျိုးသမီးဇာတ်ပို့ဆုရ မေမြင့်မိုရ် အကယ်ဒမီရွှေစင်ရုပ်တု လက်ခံယူစဉ်။



အကောင်းဆုံးရုပ်ရှင်ဇာတ်ညွှန်းဆုရ အကယ်ဒမီ ဒါရိုက်တာ ညီမင်းလွင် အကယ်ဒမီရွှေစင်ရုပ်တု လက်ခံယူစဉ်။



အကောင်းဆုံးရုပ်ရှင်တေးဂီတဆုရ ကောင်းဆက်ပိုင်(ဂီတမြို့) အကယ်ဒမီရွှေစင်ရုပ်တု လက်ခံယူစဉ်။



အကောင်းဆုံးရုပ်ရှင်ဓာတ်ပုံဆုရ ဝင်းလွင်ထက် အကယ်ဒမီရွှေစင်ရုပ်တု လက်ခံယူစဉ်။



အကောင်းဆုံးရုပ်ရှင်ဇာတ်ကားဆုရ ခတ္တိယရုပ်ရှင်ထုတ်လုပ်ရေး အကယ်ဒမီရွှေစင်ရုပ်တု လက်ခံယူစဉ်။

*စာမျက်နှာ ၈ မှ*

အစွမ်းသတ္တိများ အလွန်ကြီးမား လှပါကြောင်း၊ အနုပညာရုပ်တစ်ရုပ်မှ ထုတ်ဖော်ပြလိုက်သည့် အကြောင်းအရာများသည် နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုးအတွက် အကောင်းရော အဆိုးပါ အကျိုးသက်ရောက်မှု များနိုင်သည့် ယဉ်ကျေးမှုတန်ဖိုးကို ပြသရာ ရောက်သည့်အတွက် လွန်စွာ အရေးပါသည့် အခန်းကဏ္ဍက ပါဝင်နေသည်ဟု ပြောကြားလိုပါကြောင်း။

**ဝိုင်းဝန်းကြိုးပမ်း**

ထို့ကြောင့် ယခုတက်ရောက်လာကြသည့် အနုပညာရှင်များ အနေဖြင့် မိမိနိုင်ငံ၊ မိမိလူမျိုး ဖွံ့ဖြိုးတိုးတက်စေရေး၊ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ဓာတ်များ ရှင်သန်ကိန်းအောင်းစေရေး၊ နိုင်ငံ ငြိမ်းချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတော်အစိုးရနှင့်အတူ ကျရာကဏ္ဍမှ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ပေးကြရန် အလေးအနက် တိုက်တွန်းပြောကြားလိုကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရရှိသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

၂၀၂၃ ခုနှစ်အတွင်း မြန်မာ့ရုပ်ရှင်ဇာတ်ကား ၃၅ ကား ရုံတင်ပြသနိုင်ခဲ့ပြီး ယင်းဇာတ်ကားများထဲက ထူးချွန်သည့်အနုပညာရှင်၊ အတတ်ပညာရှင်များကို အဆင့်ဆင့် စိစစ်အကဲဖြတ်ကာ ဆုများပေးအပ်ချီးမြှင့်မည်ဖြစ်ပါကြောင်း၊ ကိုဗစ် - ၁၉ ရောဂါကြောင့် ခေတ္တရပ်ဆိုင်းခဲ့ရသည့် ရုပ်ရှင်အနုပညာလုပ်ငန်းများသည် ၂၀၂၃ ခုနှစ်တွင် ပုံမှန်အခြေအနေနီးပါး ပြန်လည်သက်ဝင် လှုပ်ရှားလာခဲ့သည်ဟု ဆိုကြရမည်ဖြစ်ပါကြောင်း။

မြန်မာ့ရုပ်ရှင် လောကကြီးသာမက ရုပ်ရှင်၊ ဂီတ၊ သဘင် အနုပညာလောကသား အားလုံး ပြန်လည်လှုပ်ရှားဆောင်ရွက်နိုင်ခြင်းသည် သက်ဆိုင်ရာ အစည်းအရုံးများ၏ ဦးဆောင်မှု၊ အနုပညာရပ်ဝန်းတစ်ရပ်လုံးရှိ အနုပညာရှင်များအားလုံး၏ စည်းလုံးညီညွတ်မှုများကြောင့် ယခုလို စင်မြင့်ထက်သို့ ပြန်လည်ရောက်ရှိခဲ့ခြင်းဖြစ်သည့်အတွက် ဦးဆောင်သူများရော၊ ပူးပေါင်းပါဝင် ဆောင်ရွက်ကြသူများအားလုံးကိုပါ အထူးပင် ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါကြောင်း။

ဖြတ်သန်းခဲ့သည့် မြန်မာ့ရုပ်ရှင်ခရီးလမ်းတွင် ရုပ်ရှင်လောကသားများသည် မည်သို့ပင် အခက်အခဲများ ကြုံတွေ့ခဲ့ကြသော်လည်း မိမိတို့ တတ်ကျွမ်းသည့် အနုပညာစွမ်းပကားနှင့် နိုင်ငံတော်ကို အကျိုးပြုပေးခဲ့ကြသကဲ့သို့ ပြည်သူများ၏ စိတ်နှလုံးကို အနုပညာရသမျိုးစုံနှင့် ရွှင်ပြုံးအပန်းပြေစေပြီး စိတ်ဓာတ်ခွန်အားများကို ဖြည့်ဆည်းပေးခဲ့ကြပါကြောင်း။

နိုင်ငံတော်အစိုးရ အနေဖြင့် စာပေ၊ ရုပ်ရှင်၊ ဂီတ၊ သဘင်စသည့် နယ်ပယ်ကဏ္ဍအသီးသီး ဖွံ့ဖြိုးတိုးတက်လာရန် အတွက် ဖြစ်သင့်ဖြစ်ထိုက်သည့် ကူညီပံ့ပိုးမှုများကို ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ရုပ်ရှင်အနုပညာရှင်များကလည်း ပြည်သူများကို ဖျော်ဖြေရေးသက်သက်သာမက နိုင်ငံ၏ယဉ်ကျေးမှုနှင့် ချစ်စဖွယ် မြန်မာ့ဓလေ့ မြန်မာ့စရိုက်၊ မြန်မာ့ရေမြေတောတောင် သဘာဝအလှအပများကို ဖော်ညွှန်းပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှုရိုက်ကူးတင်ဆက်ပေးရန်နှင့် အမျိုးသားရေးနှင့်ယှဉ်ပြီး တိုင်းချစ်ပြည်ချစ်စိတ် ထွန်းကားရေး၊ ပြည်သူများ အသိပညာ တိုးတက်ရေး၊ နိုင်ငံတော်၏ ဦးတည်ချက်များ အောင်မြင်စေရေးတို့အတွက် ရိုက်ကူးတင်ဆက်ပေးကြပါရန် ထပ်လောင်း တိုက်တွန်းပြောကြားလိုပါကြောင်း။

**အမျိုးသားရေးတာဝန်**

ယနေ့အချိန်တွင် နိုင်ငံတော်၏ ပကတိအခြေအနေနှင့် အရှိတရားပေါ် အခြေခံပြီး လုပ်သင့်လုပ်ထိုက်သည့် လုပ်ငန်းဆောင်တာများကို နိုင်ငံတော်အစိုးရက ဖြည့်ဆည်းလုပ်ဆောင်ပေးလျက်ရှိကြောင်း၊ ကမ္ဘာကြီး၏ မျက်မှောက်အခြေအနေအရဖြစ်စေ၊ မိမိတို့နိုင်ငံ၏ ပကတိအခြေအနေအရဖြစ်စေ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးသည် အလိုအပ်ဆုံးနှင့် အဖြစ်သင့်ဆုံး အမျိုးသားရေး ပန်းတိုင်၊ အမျိုးသားရေး ရည်မှန်းချက်၊ အမျိုးသားရေး တာဝန်ပင်ဖြစ်သည်ကို နိုင်ငံသားအားလုံးက နားလည်လက်ခံပေးကြရန် လိုအပ်ပါကြောင်း။

**အမျိုးသားရေး သတိရှိ**

စစ်အေးခေတ်လွန် ကာလများတွင် အင်အားကြီးနိုင်ငံအချို့သည် အင်အားနည်းသည့် နိုင်ငံငယ်များအပေါ် ၎င်းတို့အလိုကျ လွှမ်းမိုးချုပ်ကိုင်နိုင်ရန် အတွက် နည်းလမ်းပေါင်းစုံ၊ မဟာဗျူဟာ၊ နည်းဗျူဟာများနှင့် ချဉ်းကပ်ဆောင်ရွက်နေသည့် အထဲတွင် ယဉ်ကျေးမှုအခန်းကဏ္ဍ နယ်ပယ်သည်လည်း အဓိကကျပြီး ရှိပြီးနိုင်ငံ့ယဉ်ကျေးမှု ပျက်သုဉ်းပါက အဆိုပါ နိုင်ငံသားများ၏ စိတ်ဓာတ်များပါ ပျက်သုဉ်းမှုကတစ်ဆင့် နိုင်ငံချစ်စိတ်၊ အမျိုးချစ်စိတ်၊ အမျိုးဂုဏ်ကာကွယ်လိုစိတ်များ ဆုံးရှုံးမှုကတစ်ဆင့် အလွယ်တကူလက်အောက်ခံဩဇာခံ နိုင်ငံအဖြစ် ရောက်ရှိသွားနိုင်သကဲ့သို့ ယနေ့ကဲ့သို့ အခြေအနေမျိုးကိုလည်း ကမ္ဘာ့နိုင်ငံရေး ဇာတ်ခုံပေါ်တွင် နမူနာအဖြစ် တွေ့မြင်နေကြရမည်ဖြစ်ကြောင်း၊ အထူးသဖြင့် လူ့အခွင့်အရေး၊ ဒီမိုကရေစီရေးဆိုသည့် စကားလုံးများကို ရောင်းကုန်ပစ္စည်းကဲ့သို့ ထည်လဲသုံးပြီး ပဋိပက္ခဖြစ်သည်နှင့် စိုးရိမ်ကြောင်း၊ ထိတ်လန့်တုန်လှုပ်မိကြောင်း၊ ငြိမ်းချမ်းစွာ ဖြေရှင်းကြရန်လိုကြောင်း စသည့်လက်သုံးစကားများသာပြောပြီး မျက်နှာကြီးရာ ဟင်းဖတ်ပါဆိုသကဲ့သို့ အင်အားကြီးမားသည့် ဘက်ကပင် ရပ်တည်ပြီး ဖိအားပေးအကျပ်ကိုင်မှုများနှင့် ဩဇာလောင်းရိပ်အောက်ကို ပူးပေါင်းသွတ်သွင်းနေကြသည်ကိုလည်း အမျိုးသားရေး အသိ၊ အမျိုးသားရေး သတိရှိနေကြရန် လိုအပ်ပါကြောင်း။

ယင်းသို့ အခြေအနေတွင် အမျိုးသားရေး ကိုယ်ခံစွမ်းအားနည်းသည့် ပုဂ္ဂိုလ်များ၊ ကြိုးဆွဲခံရုပ်သေးရုပ်များ၊ တိုင်းတစ်ပါး၏ ပေးစာကမ်းစာနှင့် ဘဝရပ်တည်နေသူများ စသည့် ပြည်ပအားကိုးပုဆိန်ရိုး လက်ကိုင်တုတ်များသည် မိမိတို့နိုင်ငံကို နည်းလမ်းအမျိုးမျိုး၊ ကောလာဟလ မှိုင်းအမျိုးမျိုး တိုက်ပြီး မတည်မငြိမ်ဖြစ်အောင်၊ ပျက်စီးအောင်၊ ပဋိပက္ခများ ပိုမိုကြီးမားလာအောင် နှောင့်ယှက်နေမှုကိုလည်း သတိပြုကြရမည် ဖြစ်ကြောင်း။

**နိုင်ငံအကျိုး၊ လူမျိုးအကျိုးသယ်ပိုး**

ယနေ့အချိန်တွင် အချင်းချင်း စည်းလုံးညီညွတ်မှုမရှိဘဲ နိုင်ငံနှင့် ပြည်သူလူထု အကျိုးစီးပွားကို လျစ်လျူရှုပြီး သံသယများ၊ ကိုယ်ကျိုးအတ္တများ၊ လွဲမှားသည့် အယူအဆများ လုပ်ဆောင်နေကြမည်ဆိုပါက နိုင်ငံအတွက် လွန်စွာ အန္တရာယ် ကြီးမားပါကြောင်း၊ ထို့ကြောင့် အနုပညာရှင်ကြီးများ အနေဖြင့် မှန်ကန်သည့် အသိတရားများနှင့် နိုင်ငံအကျိုး၊ လူမျိုးအကျိုးကို ဝိုင်းဝန်းသယ်ပိုးပေးကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း။ *စာမျက်နှာ ၁၀ သို့*



အကယ်ဒမီဆုများရှင် ဆွေဇင်ထိုက် အကောင်းဆုံးအမျိုးသား ဝတ်စားဆင်ယင်မှုအကြီးတန်းဆုရ အကယ်ဒမီ ခန့်စည်သူအား ဆုပေးအပ်ချီးမြှင့်စဉ်။



အကယ်ဒမီဆုများရှင် ဆွေဇင်ထိုက် အကောင်းဆုံးအမျိုးသမီး ဝတ်စားဆင်ယင်မှုအကြီးတန်းဆုရ အကယ်ဒမီ ခင်သီတာထွန်းအား ဆုပေးအပ်ချီးမြှင့်စဉ်။



အကယ်ဒမီဆုများရှင် ဆွေဇင်ထိုက် အကောင်းဆုံးအမျိုးသား ဝတ်စားဆင်ယင်မှုဆုရ ဟင်နရီစံအား ဆုပေးအပ်ချီးမြှင့်စဉ်။



အကယ်ဒမီဆုများရှင် ဆွေဇင်ထိုက် အကောင်းဆုံးအမျိုးသမီး ဝတ်စားဆင်ယင်မှုဆုရ အိချောပိုအား ဆုပေးအပ်ချီးမြှင့်စဉ်။

*စာမျက်နှာ ၉ မှ*

ယခုနှစ် ထူးချွန်ဆုရရှိသည့် အနုပညာရှင်များအနေဖြင့် အနုပညာလုပ်ငန်းများကို ဆက်လက်အောင်မြင် တိုးတက်စေရန်အတွက် အားအင်များ ပိုမိုရရှိပြီး မိမိတို့၏ အနုပညာအလုပ်များကို ပိုမိုအားထုတ် ကြိုးပမ်းသွားကြမည်ဟု ယုံကြည်မျှော်လင့်ပါကြောင်း။

**အမျိုးသားရေးစိတ်ဓာတ်**

အလားတူ ထူးချွန်ဆု မရရှိသေးသည့် အနုပညာရှင်များအနေဖြင့်လည်း လာမည့်နှစ်ကာလများတွင် မိမိတို့၏ အနုပညာစွမ်းပကားကို မြှင့်တင်ပြီး ထူးချွန်ဆုများ ဆွတ်ခူးပေးကြပါဟု တိုက်တွန်းလိုပါကြောင်း၊ အထူးမေတ္တာရပ်ခံလိုသည်မှာ မြန်မာ့ဓလေ့စရိုက်များ မမေ့မှိန်မပျောက်ပျက်စေရန်နှင့် တိုင်းတစ်ပါးယဉ်ကျေးမှုဓလေ့စရိုက်များ လွှမ်းမိုးပြီး အရိုးပေါ်အရွက်မဖုံးစေရန် ပြောင်းလဲနေသည့် ခေတ်ရေစီးကြောင်းပေါ်တွင် လိုက်လျောညီထွေစွာလိုက်ပါပြီး နိုင်ငံနှင့်လူမျိုးအကျိုးကို မိမိတို့တတ်ကျွမ်းသည့် အနုပညာကို အခြေတည်ပြီး အမျိုးသားရေးစိတ်ဓာတ်နှင့် ဖော်ဆောင်ပေးကြပါဟု တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ အကယ်ဒမီများရှင် ကြည်စိုးထွန်းက ဝမ်းမြောက်စကား ပြောကြားသည်။

ဆက်လက်၍ အခမ်းအနားမှူးက ၂၀၂၃ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင် ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် ပါဝင်ကူညီပေးကြသည့် ရွှေကြိုမောင်/မယ်များကို တစ်ဦးချင်း မိတ်ဆက်ပေးသည်။

ထို့နောက် ၂၀၂၃ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်လာကြသည့် အနုပညာရှင်များထဲမှ ရွေးချယ်ပေးအပ်သော အကောင်းဆုံး ဝတ်စားဆင်ယင်မှုဆုများ (Myanmar Academy Fashion Awards) ကို ပေးအပ်ချီးမြှင့်ရာ အကောင်းဆုံး အမျိုးသားဝတ်စားဆင်ယင်မှု အကြီးတန်းဆုကို အကယ်ဒမီ ခန့်စည်သူ၊ အကောင်းဆုံး အမျိုးသမီး ဝတ်စားဆင်ယင်မှု အကြီးတန်းဆုကို အကယ်ဒမီ ခင်သီတာထွန်း၊ အကောင်းဆုံး အမျိုးသား ဝတ်စားဆင်ယင်မှုကို ဟင်နရီစံ၊ အကောင်းဆုံးအမျိုးသမီး ဝတ်စားဆင်ယင်မှုဆုကို ရုပ်ရှင်သရုပ်ဆောင် အိချောပိုတို့က ရရှိကြပြီး အကယ်ဒမီဆုများရှင် ဆွေဇင်ထိုက်က ဆုများပေးအပ် ချီးမြှင့်သည်။

ဆက်လက်၍ ၂၀၂၃ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင် ထူးချွန်ဆုများ ပေးအပ်ချီးမြှင့်ရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ၂၀၂၃ ခုနှစ် အတွက် မြန်မာ့ရုပ်ရှင်တစ်သက်တာဆု ရရှိကြသူများကို ဖွင့်ဖောက်ကြေညာသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်ဇနီးတို့က မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးနှင့် အနုပညာရှင်၊ အတတ်ပညာရှင်များအပါအဝင် ရုပ်ရှင်လောကသားအားလုံးက လှိုက်လှဲဂုဏ်ယူစွာချီးမြှင့်သည့် ရုပ်ရှင်တစ်သက်တာထူးချွန်ဆု ရရှိကြသော ဒါရိုက်တာ အောင်မြင့်မြတ်၊ အကယ်ဒမီ နွဲ့နွဲ့စန်းနှင့် အကယ်ဒမီ ဒါရိုက်တာ ပန်းချီစိုးမိုးတို့ကို ဆုများ ပေးအပ်ချီးမြှင့်ကြပြီး ထူးချွန်ဆု ရရှိကြသူများက ကျေးဇူးတင်စကား ပြောကြားကြသည်။

ယင်းနောက် အခမ်းအနားမှူးက ၂၀၂၃ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု အကဲဖြတ် စိစစ်ဆောင်ရွက်မှုနှင့် ဆုများရွေးချယ်သတ်မှတ်မှုများကို အကျဉ်းချုပ်ရှင်းလင်းပြောကြားသည်။

**ရွှေစင်ရုပ်တု ချီးမြှင့်**

ဆက်လက်၍ ၂၀၂၃ ခုနှစ်အတွက် ရုပ်ရှင်အတတ်ပညာဆုနှင့် ရုပ်ရှင်အနုပညာဆုများကို ဖွင့်ဖောက်ကြေညာရာ အကောင်းဆုံး ရုပ်ရှင်ဓာတ်ပုံဆုကို "ကံကောင်း" ဇာတ်ကားဖြင့် ဝင်းလွင်ထက်၊ အကောင်းဆုံး ရုပ်ရှင်တေးဂီတဆုကို "ကံကောင်း" ဇာတ်ကားဖြင့် ကောင်းဆက်ပိုင် (ဂီတမြို့)၊ အကောင်းဆုံးရုပ်ရှင်ဇာတ်ညွှန်းဆုကို "ဆရာမ (The Teacher)"ဇာတ်ကားဖြင့် အကယ်ဒမီ ဒါရိုက်တာ ညိုမင်းလွင်၊ အကောင်းဆုံး ရုပ်ရှင်ဇာတ်ကားဆုကို "ကံကောင်း" ဇာတ်ကားဖြင့် ခတ္တိယ ရုပ်ရှင်ထုတ်လုပ်ရေး၊ အကောင်းဆုံး ရုပ်ရှင်ဒါရိုက်တာဆုကို "စောင်နီလေးတစ်ထည်" ဇာတ်ကားဖြင့် ဒါရိုက်တာ တင်အောင်စိုး (ပန်းမြို့တော်)၊ အကောင်းဆုံး အမျိုးသမီးဇာတ်ပို့ဆုကို "မုန်းခွင့်" ဇာတ်ကားဖြင့် မေမြင့်မိုရ်၊ အကောင်းဆုံးအမျိုးသားဇာတ်ပို့ဆုကို "ရည်ရွယ်မိုး" ဇာတ်ကားဖြင့် နေဝင်း၊ အကောင်းဆုံး အမျိုးသမီးဇာတ်ဆောင်ဆုကို "ဘယ်တော့မှ အရှုံးမပေးဘူး" ဇာတ်ကားဖြင့် အကယ်ဒမီများရှင် စိုးမြတ်သူဇာ၊ အကောင်းဆုံး အမျိုးသား ဇာတ်ဆောင်ဆုကို "စောင်နီလေးတစ်ထည်" ဇာတ်ကားဖြင့် အကယ်ဒမီများရှင် ရန်အောင်တို့က ရရှိကြသည်။

ထူးချွန်ဆု ရရှိကြသူများကို ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ဝါရင့်အကယ်ဒမီဆုများရှင် အနုပညာရှင်ကြီးများက အကယ်ဒမီ ရွှေစင်ရုပ်တုများ ပေးအပ်ချီးမြှင့်ကြပြီး မြန်မာ့ရုပ်ရှင် ထူးချွန်ဆုရရှိသူများက ကျေးဇူးတင်စကား ပြောကြားကြသည်။

၂၀၂၃ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင် ထူးချွန်ဆုချီးမြှင့်ပွဲ ကျင်းပစဉ်အတွင်း မြန်မာနိုင်ငံ ဟာသပညာရှင်များ အစည်းအရုံး၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးနှင့် မြန်မာနိုင်ငံသဘင်အစည်းအရုံးတို့မှ အနုပညာရှင်များက တေးသီချင်း အကအလှများဖြင့် အလှည့်ကျ ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ်နှင့်ဇနီးတို့သည် ၂၀၂၃ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင် ထူးချွန်ဆုရရှိသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ပြီး အခမ်းအနားသို့ တက်ရောက်လာကြသည့် ရုပ်ရှင်၊ စာပေ၊ သဘင်၊ ဂီတ နယ်ပယ်အသီးသီးမှ အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် အနုပညာရှင်များကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ယခုကျင်းပသည့် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲတွင် ၂၀၂၃ ခုနှစ်၌ ရုံတင်ပြသခဲ့သည့် မြန်မာ့ရုပ်ရှင် ဇာတ်ကားပေါင်း ၃၅ ကားကို မြန်မာ့ရုပ်ရှင်ထူးချွန်ဆု စိစစ်အကဲဖြတ်ရေးအဖွဲ့က အဆင့်ဆင့်အကဲဖြတ်ပြီး ယင်းဇာတ်ကားများအထဲမှ အကောင်းဆုံး ရုပ်ရှင်ဇာတ်ကားများကို ရွေးချယ်၍ ထူးချွန်ဆုများ ပေးအပ်ချီးမြှင့်ခြင်းဖြစ်သည်။

**သက်တမ်း ၁၀၆ နှစ်ရှိခဲ့**

၁၉၂၀ ပြည့်နှစ်မှ အစပြုခဲ့သည့် မြန်မာ့ရုပ်ရှင်၏ သက်တမ်းသည် ၁၀၄ နှစ်သို့ ရောက်ရှိခဲ့ပြီဖြစ်သည်။ မြန်မာ့ရုပ်ရှင်အဆင့်အတန်း မြင့်မားရေးကို ရှေးရှုပြီး ၁၉၅၂ ခုနှစ်က စတင်၍ မြန်မာ့ရုပ်ရှင်အဆင့်အတန်း မြှင့်တင်ရေးအကဲအဖြတ်အဖွဲ့သည် မြန်မာ့ရုပ်ရှင်လောကသား ထူးချွန်ထက်မြက်သည့် အနုပညာရှင်၊ အတတ်ပညာရှင်များကို ရွေးချယ်ကာ ထူးချွန်ဆုများကို ချီးမြှင့်ခဲ့သည်။

ထူးချွန်ဆု အရေအတွက်ကိုလည်း ၁၉၅၄ ခုနှစ်တွင် ဒါရိုက်တာဆု၊ ၁၉၅၅ ခုနှစ်တွင် အထူးဆု၊ ၁၉၅၆ ခုနှစ်တွင် ရုပ်ရှင်ဓာတ်ပုံထူးချွန်ဆု၊ ၁၉၆၂ ခုနှစ်တွင် အမျိုးသား ဇာတ်ပို့ဆုနှင့် အမျိုးသမီး ဇာတ်ပို့ဆုများကို တိုးမြှင့်ချီးမြှင့်ခဲ့ပြီး ၁၉၉၀ ပြည့်နှစ်တွင် ရုပ်ရှင်ဇာတ်ညွှန်းဆု၊ ရုပ်ရှင်တေးဂီတဆု၊ ရုပ်ရှင်အသံဆုများကို ထပ်မံတိုးမြှင့်ချီးမြှင့်ခဲ့သဖြင့် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ၁၀ မျိုးအထိ ရှိလာခဲ့ကာ ၁၉၉၄ ခုနှစ်မှ စပြီး ရုပ်ရှင်တည်းဖြတ်ဆုကိုပါ ထပ်တိုးချီးမြှင့်ခဲ့သဖြင့် ဆုအမျိုးအစားပေါင်း ၁၁ မျိုးအထိ ချီးမြှင့်ခဲ့သည်။

၁၉၉၃ ခုနှစ်မှစ၍ ရွှေကိန္နရီရွှေစင်ရုပ်တွင် တပ်ဆင်ထားသည့် ငွေကြယ်အစား နှစ်ကျပ်သား ရွှေစင်ကြယ်ကို တပ်ဆင်ချီးမြှင့်ခဲ့ပြီး ၂၀၁၇ ခုနှစ်အတွက် ချီးမြှင့်သည့် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲမှစ၍ နှစ်ကျပ်သား ရွှေစင်ကြယ်အစား ငါးကျပ်သား ရွှေစင်ကြယ်သို့ ပြောင်းလဲပေးအပ် ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲတွင် မြန်မာ့ရုပ်ရှင်တစ်သက်တာဆုရရှိကြသူများနှင့် အကယ်ဒမီဆုရရှိကြသူများကို တွေ့ရစဉ်။



မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားတွင် ပါဝင်ကူညီပေးကြသည့် ရွှေကြိုမောင်/မယ်များ။



မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားတွင် ဖျော်ဖြေတင်ဆက်မှုကို တွေ့ရစဉ်။

## ၂၀၂၃ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုများ

| စဉ် | ဆုအမျိုးအစား | ဇာတ်ကားအမည် | ထူးချွန်ဆုရရှိသူ |
|---|---|---|---|
| ၁။ | ရုပ်ရှင်ဓာတ်ပုံဆု | ကံကောင်း | ဝင်းလွင်ထက် |
| ၂။ | ရုပ်ရှင်တေးဂီတဆု | ကံကောင်း | ကောင်းဆက်ပိုင်(ဂီတမြို့) |
| ၃။ | ရုပ်ရှင်ဇာတ်ညွှန်းဆု | ဆရာမ | ညိုမင်းလွင် |
| ၄။ | ရုပ်ရှင်ဇာတ်ကားဆု | ကံကောင်း | ခတ္တိယရုပ်ရှင်ထုတ်လုပ်ရေး |
| ၅။ | ရုပ်ရှင်ဒါရိုက်တာဆု | စောင်နီလေးတစ်ထည် | တင်အောင်စိုး(ပန်းမြို့တော်) |
| ၆။ | အမျိုးသမီးဇာတ်ပို့ဆု | မုန်းခွင့် | မေမြင့်မိုရ် |
| ၇။ | အမျိုးသားဇာတ်ပို့ဆု | ရည်ရွယ်မိုး | နေဝင်း |
| ၈။ | အမျိုးသမီးဇာတ်ဆောင်ဆု | ဘယ်တော့မှအရှုံးမပေးဘူး | စိုးမြတ်သူဇာ |
| ၉။ | အမျိုးသားဇာတ်ဆောင်ဆု | စောင်နီလေးတစ်ထည် | ရန်အောင် |

# ၂၀၂၃ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် အနုပညာရှင်များ၏ ဓာတ်ပုံမြင်ကွင်း


သရုပ်ဆောင် ခင်လှိုင်နှင့်ဇနီး


သရုပ်ဆောင် မေမြင့်မိုရ်


သရုပ်ဆောင် အကယ်ဒမီ နေတိုးနှင့်ဇနီး


သရုပ်ဆောင် အကယ်ဒမီ ခန့်စည်သူ


သရုပ်ဆောင် အကယ်ဒမီ အေးမြတ်သူ


သရုပ်ဆောင် အကယ်ဒမီ ခိုင်သင်းကြည်နှင့် သမီး စံထိပ်ထားဦး


သရုပ်ဆောင် အကယ်ဒမီ ခင်ဝင့်ဝါ


သရုပ်ဆောင် ဝိုင်းစုခိုင်သိန်း


၂၀၂၃ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများကို တွေ့ရစဉ်။


သရုပ်ဆောင် နန်းခင်ဇေယျာ


သရုပ်ဆောင် ဖြူးလေး

# ၂၀၂၃ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားမှ အနုပညာရှင်များ၏ ရင်ခုန်သံစကားများ


အကယ်ဒမီ ဆွေဇင်ထိုက်


ပွန်လွင်


အကယ်ဒမီ ထက်ထက်မိုးဦး


ဟိန်းဝေယံ


ဒိန်းဒေါင်


ဖိုးသောကြာ


အောင်ရဲလင်း


ရဲရင့်အောင်


ဝေလာရီ

မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲ အခမ်းအနားသည် ရုပ်ရှင်အနုပညာသမားတို့၏ မျှော်လင့်ချက်၊ စိတ်ကူးအိပ်မက်ဖြစ်သလို ပြည်သူလူထုကလည်း ၎င်းတို့ချစ်သည့် အနုပညာရှင်များအတွက် စိတ်ဝင်တစား စောင့်ကြည့်ရင်ခုန်ကြရသည့် အခမ်းအနားတစ်ခုဖြစ်သည်။ မြန်မာ့ရုပ်ရှင် ထူးချွန်ဆုကို ရုပ်ရှင်လောကမှ ထူးချွန်ထက်မြက်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များကို ရွေးချယ်ချီးမြှင့်လေ့ရှိပြီး ယခုနှစ်သည် (၆၅) ကြိမ်မြောက် ချီးမြှင့်ခြင်းဖြစ်သည်။ ၂၀၂၃ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲကို ယခင်နှစ်များနှင့်မတူ ခမ်းနားထည်ဝါစွာ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၁(MICC-1)၌ ကျင်းပနိုင်ခဲ့ရာ အခမ်းအနားသို့ တက်ရောက်လာကြသည့် အနုပညာရှင်များ၏ အကယ်ဒမီ ရင်ခုန်သံစကားများကို စုစည်းဖော်ပြလိုက်ရပါသည်။

**အကယ်ဒမီ ဆွေဇင်ထိုက်**

ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲဆိုရင် နှစ်တိုင်းကြိုးစားပြီး လာဖြစ်ပါတယ်။ အကယ်ဒမီရတဲ့ မျိုးဆက်သစ်တွေကို လက်ခုပ်တီးအားပေးတာ ဖြစ်ပါတယ်။ အကယ်ဒမီပေးပွဲဆိုတာ မရသေးတဲ့ သူတွေ ကြိုးစားချင်လာအောင်၊ ရပြီးသားသူတွေ ထပ်မံရရှိအောင် ကြိုးစားဖို့ အားပေးရတာ ဖြစ်ပါတယ်။ ရုပ်ရှင်လောက ဆက်လက်ရှင်သန်တိုးတက်ဖို့ အကယ်ဒမီဆုချီးမြှင့်ပွဲက မရှိမဖြစ် လိုအပ်ပါတယ်။ ဇာတ်ကားကောင်းတွေနဲ့ လူငယ်သရုပ်ဆောင်ကောင်းတွေကို တွေ့ရပါတယ်။ အကယ်ဒမီပေးပွဲမှာ ဒီလိုလူငယ်တွေကို လက်ကမ်းကြိုဆိုရတာ ဖြစ်ပါတယ်။ Fashion Awards ဆုအတွက်က အသက် ၄၅ နှစ်အထက် အကြီးတန်းအကောင်းဆုံးဝတ်စားဆင်ယင်မှု အမျိုးသား၊ အမျိုးသမီးဆု နှစ်ဆုရွေးပါမယ်။ အသက် ၄၅ နှစ်အောက် မင်းသား၊ မင်းသမီး နှစ်ဆုပေးမှာဖြစ်ပါတယ်။ အကဲဖြတ်ဒိုင်ငါးဦးက အမှတ်ပေးအကဲဖြတ်ကြမှာ ဖြစ်ပါတယ်။ ရုပ်ရှင်သရုပ်ဆောင်တစ်ယောက်ဖြစ်ဖို့ဆိုရင် ပထမဦးဆုံး ဝါသနာရှင်အနေနဲ့ စတင်ရပါတယ်။ ဝါသနာရှင်ဘဝကနေ ပရော်ဖက်ရှင်နယ်ဖြစ်ဖို့ ကြိုးစားကြပါလို့ ပြောချင်ပါတယ်။

**ပွန်လွင်**

ကံကောင်းနဲ့စာရိတ္တ ရုပ်ရှင်ဇာတ်ကားတွေ ကြည့်ဖြစ်ပါတယ်။ ကံကောင်းဇာတ်ကားမှာ ပိုင်တံခွန်နဲ့ စာရိတ္တမှာ နေဝင်းကို ရစေချင်ပါတယ်။ စောင်နီလေးတစ်ထည်မှာ ကိုရန်လေးကို ရစေချင်တယ်။ ဖြစ်နိုင်ရင် ဆုပေါင်း ၁၀၀ လောက်ပေးစေချင်တယ်။ မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲမှာ Fashion Awards ဆုနဲ့ ရွှေကြိုတွေကို တာဝန်ယူထားပါတယ်။ Outdoor ထက် အခုလို Indoor ကျင်းပတာက ရာသီဥတုကို ကြောက်စရာမလိုတဲ့အတွက် စနစ်ပိုကျတယ်။ Fashion Awards ဆုပေးဖို့ ဒိုင်ငါးဦးရှိပါတယ်။ Fashion Awards ဆုမှာ အဓိက ဆံပင်၊ အင်္ကျီနဲ့ ဝတ်စုံလိုက်ဖက်မှုရှိရပါမယ်။ မြန်မာဆန်ရပါမယ်။ ဒါတွေကို အဓိကထားပြီး ရွေးချယ်မှာဖြစ်ပါတယ်။ မြန်မာ့ရုပ်ရှင်ထူးချွန်ဆုဆိုတာ ရုပ်ရှင်အနုပညာလောကသားတွေ အထွတ်အမြတ်ထားတဲ့ဆုကြီးဖြစ်တဲ့အတွက် တကယ်ကြိုးစားတဲ့သူတွေ ထိုက်ထိုက်တန်တန်ရကြပါစေလို့ ဆုတောင်းပေးပါတယ်။

**အကယ်ဒမီ ထက်ထက်မိုးဦး**

အကယ်ဒမီဆုပေးပွဲကို တက်ရောက်ရတဲ့အတွက် ငယ်ငယ်တုန်းကလို ရင်ခုန်ရပါတယ်။ ငယ်ငယ်တုန်းက ကိုယ်ရိုက်ထားတဲ့ဇာတ်ကားတွေပါရင် ရင်ခုန်ရပြီး ဆုရတဲ့နှစ်တွေဆို ပိုပြီးရင်ခုန်ပျော်ရွှင်ရတယ်။ ဒီနှစ် အကယ်ဒမီဆုချီးမြှင့်ပွဲက ပိုပြီး ပျော်ရမယ်ထင်ပါတယ်။ အရင်နှစ်ကလို နှစ်နှစ်၊ သုံးနှစ်ပေါင်းပြီးပေးတာမျိုးမဟုတ်ဘဲ တစ်နှစ်စာတည်းအတွက် ပေးတာဖြစ်တယ်။ အကယ်ဒမီရတဲ့ အနုပညာရှင်တွေကိုလည်း ရစေချင်တဲ့သူတွေပဲ ရပါစေလို့ ဆုတောင်းပါတယ်။

**ဟိန်းဝေယံ**

အနုပညာရှင်တိုင်း အကယ်ဒမီဆိုရင် နှစ်တိုင်းလိုလို ရင်ခုန်ကြပါတယ်။ ကျွန်တော်တတ်နိုင်သလောက် ကြိုးစားပြီး ရိုက်ခဲ့ပါတယ်။ ဒီအပေါ်မှာ ဘာမှ မျှော်လင့်ထားတာမျိုးတော့ မရှိပါဘူး။ ကျွန်တော်လုပ်နိုင်သလောက် အနုပညာအလုပ်တွေကို အကောင်းဆုံး ကြိုးစားထားပါတယ်။

**ဒိန်းဒေါင်**

အနုပညာရှင် ညီငယ်၊ ညီမငယ်တွေအားလုံးကို ရစေချင်ပါတယ်။ ဘာပဲဖြစ်ဖြစ် ကောင်းတဲ့လူရရင် ကျေနပ်ပါတယ်။ ဒီနှစ်အကယ်ဒမီပေးပွဲက အတော်ကြီးကျယ်ခမ်းနားပါတယ်။ ပြင်ဆင်မှုအပိုင်းမှာလည်း နိုင်ငံတကာစံချိန်မီပြုလုပ်ထားတဲ့အတွက် အားပေးကြပါ။ ကိုယ်ချစ်တဲ့အနုပညာရှင်တွေကို ရင်ထဲမှာ ပေးထားတဲ့အတိုင်း အပြင်မှာ ရင်ခုန်သံ ထပ်တူကျရဲ့လား။ တစ်ထပ်တည်းကျရင် လက်ခုပ်တီးအားပေးကြပါလို့ ပြောကြားလိုပါတယ်။

**ဖိုးသောကြာ**

အကယ်ဒမီဆုချီးမြှင့်ပွဲကို သီချင်းသီဆိုဖျော်ဖြေဖို့နဲ့ အကယ်ဒမီထူးချွန်ဆုရရှိသူတွေကို အားပေးဖို့ တက်ရောက်တာဖြစ်ပါတယ်။ ရုပ်ရှင်ဇာတ်ကားတွေ ကြည့်ဖြစ်ပါတယ်။ သရုပ်ဆောင်တွေအားလုံး တော်ကြတဲ့သူတွေဖြစ်တဲ့အတွက် ဘယ်သူပဲရရ ဆုရရှိသူတွေအတွက် ဂုဏ်ယူပါတယ်။

**အောင်ရဲလင်း**

ဒီနေ့ ကျွန်တော်ရင်ခုန်ပါတယ်။ ကျွန်တော့်လိုပဲ ကြိုးစားထားတဲ့ ညီအစ်ကိုတွေအတွက်လည်း ရင်ခုန်ပါတယ်။ ပရိသတ်တွေရစေချင်တဲ့ ဇာတ်ကားနဲ့ ကိုယ်တိုင်အားရတဲ့ဇာတ်ကား တစ်ထပ်တည်းကျပါတယ်။ ဒီဇာတ်ကားမှာ အမှတ်တရဆိုရင် ဆံပင်ဖြစ်ပါတယ်။ ပရိသတ်တွေက ဆံပင်နဲ့ပတ်သက်ပြီး ဝေဖန်မှုတွေ ရှိကြပေမယ့် ဒီဆံပင်ရှည်ကြောင့်ပဲ ကျွန်တော့်ရဲ့ ဇာတ်ရုပ်ကို ပိုပြီးပြောင်းလဲသွားစေတယ်လို့ ထင်ပါတယ်။ ညီအစ်ကိုမောင်နှမတွေအားလုံးကို အကယ်ဒမီရစေချင်ပါတယ်။ ကျွန်တော့်အနေနဲ့ တစ်နှစ်ထက်တစ်နှစ် သရုပ်ဆောင်ကောင်းတစ်ဦးဖြစ်အောင် ပိုပြီးကြိုးစားသွားပါမယ်လို့ ပြောချင်ပါတယ်။

**ရဲရင့်အောင်**

ဒီနှစ်ကျွန်တော်က အကယ်ဒမီဆုရမယ့် ညီအစ်ကိုမောင်နှမတွေကို လာပြီးအားပေးတာပါ။ ဒီနှစ် ဆန်ခါတင်စာရင်းထဲမှာ ကျွန်တော်နဲ့ အတူတူရိုက်ဖြစ်ခဲ့တဲ့ ညီအစ်ကိုမောင်နှမတွေရဲ့ ဇာတ်ကားပါဝင်တဲ့အတွက် တက်ရောက်ဖြစ်တာပါ။ ကျွန်တော် သရုပ်ဆောင်အလုပ်ကို ပထမဦးဆုံးရုပ်ရှင်ဇာတ်ကားကြီး ရိုက်ပြီးတဲ့အချိန်မှာ ဝါသနာပါတာကို သိသွားတယ်။ ဒါကြောင့် အခုနောက်ပိုင်းဇာတ်ကားလေးတွေ ရိုက်ဖြစ်ပါတယ်။ ဒီနှစ်က Indoor ဖြစ်တဲ့အတွက် အသစ်အဆန်းလေး ဖြစ်ပါတယ်။

**ဝေလာရီ**

ဒီနှစ်အကယ်ဒမီပေးပွဲမှာ စာရိတ္တဇာတ်ကားကြီး ဆန်ခါတင်ပါဝင်တဲ့အတွက် ရင်ခုန်စွာနဲ့ တက်ရောက်တာဖြစ်ပါတယ်။ ပရိသတ်ခန့်မှန်းထားတဲ့သူနဲ့ တကယ်ရတဲ့သူ ထပ်တူကြပါစေလို့ ဆုတောင်းပေးပါတယ်။ ဒီပွဲတက်ရောက်ရတဲ့အတွက် အကယ်ဒမီဆုတွေ ရရှိတဲ့အထိ ကြိုးစားချင်စိတ်တွေ ဖြစ်မိပါတယ်။ ရုပ်ရှင်ဇာတ်ကားတွေအများကြီးရိုက်ပြီး အကယ်ဒမီဆုတွေ ရရှိနိုင်အောင် ကြိုးစားသွားမှာပါ။ ဇာတ်လမ်းတွဲလေးတွေ ရိုက်ဖို့ရှိပါတယ်။ ဇာတ်ကားလေးတွေ ရုံတင်ပြသရင် အားပေးကြပါဦးလို့ ပြောချင်ပါတယ်။

**မျိုးဆက်သစ်**

**ဓာတ်ပုံ - ဖိုးပြည့်စုံ**

## Onepay မှ အကယ်ဒမီ မီးလင်းရွှေများကို ဝယ်ယူနိုင်မည့် အက်ပလီကေးရှင်း မိတ်ဆက်အခမ်းအနားပြုလုပ်

**ရန်ကုန် ဖေဖော်ဝါရီ ၃**

"ရွှေဝယ်ရောင်းရင်းစီးပွားတိုး"အမည်ဖြင့် Onepay မှ အကယ်ဒမီ မီးလင်းရွှေများဝယ်နိုင်မည့် အက်ပလီကေးရှင်းမိတ်ဆက်သည့် အခမ်းအနားကို ဇန်နဝါရီ ၃၁ ရက် မွန်းလွဲပိုင်းက Park Royal ဟိုတယ်၌ ပြုလုပ်ခဲ့သည်။

အဆိုပါ အက်ပလီကေးရှင်းကို အသုံးပြု၍ အချိန်နှင့် တစ်ပြေးညီ ဆိုင်များတွင် ရောင်းချနေသည့် ပေါက်ဈေးအတိုင်း လွယ်ကူမြန်ဆန်စွာ ဝယ်ယူနိုင်ကြောင်းလည်း သိရသည်။

"ပိုကောင်းတဲ့အချက်ကတော့ ငွေစုတဲ့ပုံစံမျိုးနဲ့ တစ်ကျပ်သားအထိ ဝယ်ယူနိုင်ပါတယ်။ အားသာချက်အနေနဲ့ နေ့စဉ်ငွေစုတဲ့ပုံစံပါပဲ။ ဒီအက်ပလီကေးရှင်းကလည်း ရွှေစုထားတယ်။ အားလုံးကတော့ ငွေနည်းနည်းနဲ့ စပြီးဝယ်လို့ရတဲ့အတွက် အဆင်ပြေပါတယ်။ ဖုန်းပေါ်မှာ အကောင့်တစ်ခုဖွင့်ပြီး နယ်ကလည်း အရောင်းအဝယ်လုပ်လို့ ရတယ်။ ကိုယ့်အိမ်ကနေ အရောင်းအဝယ်လုပ်လို့ရတယ်။ ဆိုင်ကိုသွားစရာမလိုဘူး။ ချက်ချင်းပြန်ရောင်းလို့လည်းရတယ်၊ ချက်ချင်းပြန်ဝယ်လို့လည်း ရတယ်" ဟု YGEAမှ ဥက္ကဋ္ဌ ဦးမျိုးမြင့်က ဆိုသည်။

အဆိုပါ အက်ပလီကေးရှင်းသည် နိုင်ငံတော်ဗဟိုဘဏ်မှ အသိအမှတ်ပြုထားသည့် ရွှေဝယ်ယူခွင့်ရှိသော အက်ပလီကေးရှင်းတစ်ခုဖြစ်၍ ယုံကြည်စိတ်ချစွာအသုံးပြုနိုင်ကြောင်းလည်း အကယ်ဒမီ ရွှေဆိုင်မှ တာဝန်ရှိသူက ပြောကြားသည်။

အဆိုပါ အက်ပလီကေးရှင်း မိတ်ဆက်အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း (YGEA) မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **MT**

# ကျန်းမာရေးဝန်ကြီးဌာနမှ အမှာစာဖြင့်ဝယ်ယူထားသည့် ဆေးဝါးများ၊ ဆေးရုံသုံးပရိဘောဂပစ္စည်းများနှင့်ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၃

**ကျန်းမာရေးဝန်ကြီးဌာနမှ အမှာစာဖြင့် ဝယ်ယူထားသည့် ဆေးဝါးများ၊ ဆေးရုံသုံး ပရိဘောဂပစ္စည်းများနှင့် ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် စက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၀)ရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်၊ မြန်မာ့ဆေးဝါးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး၊ ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အထွေထွေမန်နေဂျာများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။**



### ကြိုးစားဆောင်ရွက်

ဦးစွာ ပြည်ထောင်စုဝန်ကြီးက စက်မှုဝန်ကြီးဌာနအနေဖြင့် ဝန်ကြီးဌာနများ၏ အမှာစာများကို အပြည့်အဝထုတ်ပေးနိုင်ရေးအတွက် လိုအပ်သော ဘဏ္ဍာရန်ပုံငွေများကို ကြိုတင်လျာထားတင်ပြတောင်းခံရကြောင်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းအတွက် လိုအပ်သော ကုန်ကြမ်းများကိုလည်း ထုတ်ပြန်ပြဋ္ဌာန်းထားသည့် တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့်အညီ တိတိကျကျ လိုက်နာဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် လိုအပ်သော ဆေးဝါးနှင့် ဆေးရုံသုံးပရိဘောဂပစ္စည်းများကို ဘဏ္ဍာနှစ်၏ ပထမ သုံးလအတွင်း အမှာစာများကို ပေးပို့စေလိုကြောင်း၊ စက်မှုဝန်ကြီးဌာနအနေဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ထုတ်လုပ်ရောင်းချပေးနိုင်မည့် ဆေးဝါးများစာရင်းကိုလည်း ယခုလအတွင်းပေးပို့သွားမည်ဖြစ်ကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနမှ လိုအပ်ချက်အရ ထုတ်လုပ်ပေးစေလိုသည့် ဆေးဝါးများရှိပါကလည်း ထုတ်လုပ်ပေးနိုင်ရေး ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

### စီမံဆောင်ရွက်နေမှုတင်ပြ

ထို့နောက် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က ၂၀၂၃-၂၀၂၄ ခုနှစ်ဘဏ္ဍာရေးနှစ်တွင် အမှာစာဖြင့် မှာယူထားသည့် ဆေးဝါးများနှင့် ဆေရုံသုံးပရိဘောဂများနှင့် ပတ်သက်၍ လက်ခံရရှိမှုအခြေအနေ၊ မြန်မာ့ဆေးဝါးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် အထွေထွေမန်နေဂျာတို့က ကျန်းမာရေးဝန်ကြီးဌာနမှ မှာယူထားသည့် ဆေးဝါးများနှင့် ပတ်သက်၍ ပေးပို့ပြီးနှင့် ပေးပို့ရန်ကျန်ရှိမှု၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများ၊ အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်းမှ အထွေထွေမန်နေဂျာက ဆေးရုံသုံးပရိဘောဂများနှင့်ပတ်သက်၍ ကျန်းမာရေးဝန်ကြီးဌာနမှ မှာယူထားမှု၊ ပေးသွင်းပြီးနှင့် ပေးသွင်းရန်ကျန်ရှိမှု၊ ဆက်လက်ပေးသွင်းနိုင်ရေးအတွက် စီမံဆောင်ရွက်နေမှုအခြေအနေတို့ကို ဆွေးနွေးတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြား၍ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ၂၀၂၃ ခုနှစ် မိုးစပါး တစ်ဧက တင်း ၁၃၀ ထွက်ရှိခဲ့မှုအတွေ့အကြုံများ ရှင်းလင်းဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၃**

(၂၄) ကြိမ်မြောက် တောင်သူနည်းပညာဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် စိုက်ပျိုးရေးသုတေသနဦးစီးဌာန၌ ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွန်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သုတေသီပညာရှင်များ၊ စိုက်ပျိုးရေးတက္ကသိုလ် ဆရာ ဆရာမများ၊ ဒက္ခိဏသီရိမြို့နယ်မှ တောင်သူလယ်သမားများ တက်ရောက်ဆွေးနွေးကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ကိုယ်စားလှယ်များက အွန်လိုင်းဖြင့် တက်ရောက်သည်။

### အကျိုးစီးပွားဖြစ်ထွန်း

ဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီးက တောင်သူနှင့်ပညာရှင်များသည် ဆရာတပည့် မဟုတ်ဘဲ လုပ်ဖော်ကိုင်ဖက်များအဖြစ် ပူးပေါင်းလက်တွဲ ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ ယနေ့အချိန်တွင် လယ်ယာကဏ္ဍကို အခြေခံသည့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် လယ်ယာကဏ္ဍကို အသွင်ကူးပြောင်းဆောင်ရွက်ရေးသည် ပဓာနကျကြောင်း၊ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်စပ်သည့် ကဏ္ဍပေါင်းစုံမှ ပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း၊ တောင်သူကြီးများသည် မိမိတို့ စိုက်ခင်းများကို ဂရုတစိုက် စောင့်ရှောက်မှသာ ပန်းတိုင်အထွက်နှုန်း ရှိနိုင်မည်ဖြစ်ပြီး တောင်သူများ၏ အကျိုးစီးပွားဖြစ်ထွန်းမှုနှင့်အတူ လူမှုစီးပွားဘဝများလည်း တိုးတက်လာကြမည်ဖြစ်ကြောင်း ပြောကြားသည်။



ထို့နောက် ဒက္ခိဏသီရိမြို့နယ် ထန်းတပင်ကျေးရွာမှ တောင်သူ ဦးမောင်လွင်က စူပါနံ့ကောက်စပါးကို ပျိုးထောင်စိုက်ပျိုးပြီး တစ်ဧကလျှင်တင်း ၁၃၀ ထွက်ရှိမှု အတွေ့အကြုံများနှင့် ပတ်သက်၍လည်းကောင်း၊ တောင်သူ ဦးစန်းဝင်းက အစေ့ချစိုက်ပျိုးခြင်းနှင့်ပတ်သက်၍ လည်းကောင်း၊ တောင်သူ ဦးဝင်းလှိုင်က ကြဲပက်စိုက်ပျိုးခြင်းနှင့် ပတ်သက်၍ အားနည်းချက် အားသာချက် အတွေ့အကြုံများကို လည်းကောင်း မျှဝေဆွေးနွေးကြသည်။

### ဖြည့်စွက်ဆွေးနွေး

ဆက်လက်၍ ဒက္ခိဏသီရိမြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှူး ဦးမြင့်နိုင်က စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုး တိုးတက်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု အခြေအနေများနှင့် ပတ်သက်၍ တင်ပြဆွေးနွေးရာ ဒုတိယဝန်ကြီးက လိုအပ်ချက်များ ဖြည့်စွက်ဆွေးနွေးသည်။

### ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယဝန်ကြီးသည် စိုက်ပျိုးရေးသုတေသနဦးစီးဌာန စိုက်ပျိုးရေးအဏုဇီဝ ဓာတ်ခွဲခန်းနှင့် အပင်ရောဂါသုတေသန ဓာတ်ခွဲခန်းများ ၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် အဏုဇီဝဓာတ်ခွဲခန်းများတွင် ရိုင်ဇိုဘီယမ် ပဲမြစ်ဖုမြေသြဇာမွေးမြူထုတ်လုပ်ရေးနှင့် သဘာဝမြေသြဇာ ပြုလုပ်ရာတွင် ဆွေးမြည့်မှုကို ဖြစ်ပေါ်စေသည့် ထရိုင်ခိုဒါးမားမှို မွေးမြူရေးလုပ်ငန်း၊ မွေးမြူရေး ပညာဌာန ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ ထုတ်လုပ်သည့် အစာတောင့်လုပ်ငန်း သုတေသနဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ပခရီးသွားများပါ ပိုမိုသိရှိလာရောက်လည်ပတ်စေရန် ပြင်ဦးလွင်ဒေသ၏ တောတောင်ရေမြေ သဘာဝအလှအပများနှင့် ထူးခြားသည့်ဆွဲဆောင်မှုများကို ခရီးစဉ်များရေးဆွဲဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၃**

ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးသည် ယနေ့နံနက်ပိုင်းတွင် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ သွားရောက်ကာ လေကြောင်းလိုင်းများမှ တစ်ဆင့် ခရီးသွားလာလည်ပတ်လျက်ရှိသော ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များ မြန်မာနိုင်ငံ၏ ခရီးစဉ်ဒေသဆိုင်ရာ အချက်အလက်များ၊ ခရီးသွားဆွဲဆောင်မှုများနှင့် ခရီးသွားဧည့်သည်များ သိရှိလိုသည့် သတင်းအချက်အလက်များကို အလွယ်တကူသိရှိနိုင်ရန်အတွက် လေဆိပ်အတွင်း



ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာနမှ ဖွင့်လှစ်ထားသည့် သတင်းပြန်ကြားရေး ကောင်တာသို့ သွားရောက်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို မှာကြားသည်။

### လှည့်လည်ကြည့်ရှု

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် ပြင်ဦးလွင်မြို့ရှိ နန်းမြိုင်ဟိုတယ်၊ သီရိမြိုင်ဟိုတယ်နှင့် ဂန္ဓမာမြိုင်ဟိုတယ်သို့ သွားရောက်ကာ ဟိုတယ်များတွင် ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်များ အဆင်ပြေချောမွေ့စွာ တည်းခိုနေထိုင်နိုင်ရေး၊ ဟိုတယ်ပရဝဏ်နှင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်သန့်ရှင်းသာယာလှပရေး၊ ဟိုတယ်အဆောက်အအုံများ နိုင်ငံတကာအဆင့်မီကောင်းမွန်ပြီး အမြင်တင့်တယ်မှုရှိစေရေး၊ လာရောက်လည်ပတ်တည်းခို နေထိုင်ကြသည့် ခရီးသွားဧည့်သည်များကို ဝန်ဆောင်မှုပေးရာတွင် ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး၊လိုခြုံစိတ်ချရသော ဝန်ဆောင်မှုကောင်းများဖြစ်စေရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

### အစီအစဉ်များဆောင်ရွက်

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် ဒုတိယဝန်ကြီးက ပြည်တွင်းခရီးသွားများသာမက ပြည်ပခရီးသွားများပါ ပိုမိုသိရှိလာရောက်လည်ပတ်စေရန်အတွက် ပြင်ဦးလွင်ဒေသ၏ တောတောင်ရေမြေ သဘာဝအလှအပများနှင့် ထူးခြားသည့် ဆွဲဆောင်မှုများကို ရိုက်ကူးထားသည့် ဓာတ်ပုံနှင့်ဗီဒီယိုများကို လူသိများသော မီဒီယာ Channel များ၊ Online မီဒီယာများမှတစ်ဆင့် မြှင့်တင်ကြော်ငြာခြင်း၊ ခရီးသွားအေဂျင်စီများနှင့် ပူးပေါင်း၍ ခရီးစဉ်များရေးဆွဲဆောင်ရွက်ခြင်းစသည့် ခရီးစဉ်ဒေသမြှင့်တင်ရေး အစီအစဉ်များကို ဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပဲခူးမြို့ပေါ် လူစည်ကားသည့်နေရာများအား ၁၀၇ မမ ရှော့တိုက်ဒုံးများဖြင့် ပစ်ခတ်တိုက်ခိုက်ရန် စီစဉ်လျက်ရှိသည့် DSRB အမည်ခံအကြမ်းဖက်အဖွဲ့ဝင်များအား ၁၀၇ မမ ရှော့တိုက်ဒုံးများနှင့်အတူ ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၃**


အကြမ်းဖက် အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ PDF အမည်ခံအကြမ်းဖက်အဖွဲ့များ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် နိုင်ငံ့ဝန်ထမ်းများ အပါအဝင် အပြစ်မဲ့ပြည်သူများအား အဓိက ပစ်မှတ်ထား၍ လုပ်ကြံသတ်ဖြတ်ခြင်း၊ အများပြည်သူပိုင် အဆောက်အအုံများအား မီးရှို့ခြင်း၊ ဖောက်ခွဲ ဖျက်ဆီးခြင်းစသည့် အကြမ်းဖက် လုပ်ငန်းများကို နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

အကြမ်းဖက် အုပ်စုအဖြစ် ကြေညာထားသော NUG လက်အောက်ခံ Dark Side Revolution Burma-DSRB အမည်ခံ အကြမ်းဖက်အဖွဲ့သည် အများပြည်သူများ ပျော်ရွှင်စွာ ကြည့်ရှုမည့် ၂၀၂၃ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနား ကျင်းပမည့် ညတွင် ပဲခူးမြို့ပေါ်ရှိ လူစည်ကားသည့် နေရာများအား ၁၀၇ မမ ရှော့တိုက်ဒုံးများဖြင့် ပစ်ခတ်ရန်စီစဉ်လျက်ရှိကြောင်း အကြမ်းဖက်မှုကို မလိုလားသည့် ပြည်သူများ၏ သတင်းပေးပို့ချက်အရ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၂ ရက် မွန်းလွဲပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ကမာနတ်ခကျေးရွာအနီး ပဲခူး-သနပ္ပင်လမ်းဆုံ၌ ယာဉ်အမှတ်၊ RLG-4563 Nissan March ခဲရောင်မော်တော်ယာဉ်ပေါ်မှ Dark Side Revolution Burma-DSRB အမည်ခံ အကြမ်းဖက်အဖွဲ့ဝင်များဖြစ်သည့် **ထက်နောင်နောင် (ခ) နောင်နောင်၊ အောင်နိုင်မျိုး၊ ကျော်ကျော်၊ လှဦး၊ ကေသီနှင့် ဦးသောဘန (ခ) သာကျော်ဌေး** တို့ ခြောက်ဦးအား KIA အဖွဲ့မှထုတ်လုပ်သည့် **၁၀၇ မမ ရှော့တိုက်ဒုံး ၁၀ လုံး၊ စနက်တံ ၁၀ ခု**တို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။


ထက်နောင်နောင်(ခ)နောင်နောင်


အောင်နိုင်မျိုး


လှဦး


ဦးသောဘန(ခ)သာကျော်ဌေး


ကျော်ကျော်


ကေသီ

ဖမ်းဆီးရမိတရားခံ **အောင်နိုင်မျိုး**၏ ထွက်ဆိုချက်အရ ပဲခူးတိုင်းဒေသကြီး သနပ္ပင်မြို့နယ် ရေတံခါးတာဝကျေးရွာရှိ ၎င်း၏ နေအိမ်ခြံဝင်းအတွင်း၌ လက်နက်/ခဲယမ်းများ သိမ်းဆည်းထားကြောင်း သိရှိရသဖြင့် လုံခြုံရေး ပူးပေါင်းအဖွဲ့မှ သွားရောက် ရှာဖွေခဲ့ရာ **၄၀မမလက်လုပ်ဖုံးပစ်လောင်ချာ ၁ လက်၊ လက်လုပ်ရှေ့ထွက်မိုင်း ၁ လုံး** တို့ကို ထပ်မံ သိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်တွင် တရားခံ ကျား ငါး ဦး၊ မ တစ်ဦးတို့ကို KIA အဖွဲ့မှ ထုတ်လုပ်သည့် ၁၀၇ မမ ရှော့တိုက်ဒုံး ၁၀ လုံး၊ စနက်တံ ၁၀ ခု၊ ၄၀ မမ လက်လုပ်ဖုံးပစ်လောင်ချာ တစ်လက်၊ လက်လုပ်ရှေ့ထွက်မိုင်း တစ်လုံးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ အကြမ်းဖက် အုပ်စုအဖြစ် ကြေညာထားသော NUG လက်အောက်ခံ Dark Side Revolution Burma-DSRB အမည်ခံ အကြမ်းဖက်အဖွဲ့မှ တရားခံပြေး **ရှိုင်းဝေ (ခ) RI** က ၂၀၂၃ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင် ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနား ကျင်းပမည့်ညတွင် အပြစ်မဲ့ ပြည်သူများ ထိတ်လန့်ကြောက်ရွံ့မှုများ ဖြစ်ပေါ်စေရန် ရည်ရွယ်လျက် ပဲခူးမြို့ပေါ်ရှိ လူစည်ကားသည့်နေရာများကို ၁၀၇ မမ ရှော့တိုက်ဒုံးများဖြင့် ပစ်ခတ်တိုက်ခိုက်ရန် စေခိုင်းခဲ့ကြောင်း၊ သိမ်ဇရပ်မြို့အဝင်တွင် **ရှိုင်းဝေ(ခ) RI** ထံမှ ၁၀၇ မမ ရှော့တိုက်ဒုံးများအား သွားရောက်ယူဆောင်၍ ပြန်လာစဉ် ဖမ်းဆီးခံရခြင်းဖြစ်ကြောင်း၊ အဆိုပါ ၁၀၇ မမရှော့တိုက်ဒုံးများဖြင့် ပဲခူးမြို့ပေါ်ရှိ လူစည်ကားသည့် စားသောက်ဆိုင်နှင့် လက်ဖက်ရည်ဆိုင်နေရာများကို ပစ်မှတ်ထား ပစ်ခတ်ဖောက်ခွဲရန် စီစဉ်ထားကြောင်း ဖော်ထုတ်သိရှိရသည်။


၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၂ ရက်တွင် ပဲခူးမြို့နယ် ကမာနတ်ကျေးရွာအနီး ပဲခူး-သနပ္ပင်လမ်းဆုံတွင် တရားခံ ခြောက်ဦးနှင့်အတူ ဖမ်းဆီးရမိသည့် KIA ထုတ် ရှော့တိုက်ဒုံး ၁၀ လုံး၏ မှတ်တမ်းဓာတ်ပုံ။




၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၂ ရက်တွင် သနပ္ပင်မြို့နယ် ရေတံခါးတာဝကျေးရွာရှိ တရားခံ အောင်နိုင်မျိုး၏ နေအိမ်ခြံဝင်းအတွင်း သိမ်းဆည်းရမိသည့် လက်လုပ် ၄၀ မမ ဖုံးပစ်လောင်ချာနှင့် ရှေ့ထွက်မိုင်း၏ မှတ်တမ်းဓာတ်ပုံ။


၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၂ ရက်တွင် ပဲခူးမြို့နယ် ကမာနတ်ကျေးရွာအနီး ပဲခူး-သနပ္ပင်လမ်းဆုံတွင် ၁၀၇ မမ ရှော့တိုက်ဒုံး ၁၀ လုံးနှင့်အတူ ဖမ်းဆီးရမိသည့် တရားခံ ခြောက်ဦးစီးနင်းလာသည့် မော်တော်ယာဉ်၏ မှတ်တမ်းဓာတ်ပုံ။

သို့ဖြစ်ပါ၍ ဖမ်းဆီးရမိ တရားခံများအား ဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပြီး အကြမ်းဖက်မှု ဆောင်ရွက်နေသူများအား ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ်တိုက်ဖျက်ကြရန်နှင့် ပြစ်မှုကျူးလွန်ရာတွင် ပါဝင်ပတ်သက်သူများ၊ နောက်ကွယ်မှ ထောက်ပံ့ပေးလျက်ရှိသော ဆက်စပ်တရားခံများအား အမြန်ဆုံးဖမ်းဆီးရမိရေးအတွက် ၎င်းတို့ ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှု သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာသတင်းပေး တိုင်ကြားနိုင်ပါကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများအား ထိုက်တန်စွာ လျှို့ဝှက်၍ ဆုငွေများ ချီးမြှင့်ပေးလျက်ရှိကြောင်းနှင့် မြို့ရွာများ အမြန်ဆုံး အေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ကြိုးပမ်းဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံအပ်ပါကြောင်း အသိပေးသတင်း ထုတ်ပြန်ထားသည်။

**သတင်းစဉ်**

## ရန်ကုန်ရွှေဈေးကွက်အတွင်း ရွှေရောင်းဝယ်မှုအခြေအနေမှာ အသင့်အတင့် ပြန်လည်လှုပ်ရှားလာ

**ရန်ကုန် ဖေဖော်ဝါရီ ၃**

လက်ရှိကာလတွင် ရန်ကုန်တိုင်းဒေသကြီးရှိ ရွှေဈေးကွက်အတွင်း ရွှေရောင်းဝယ်မှုမှာ အသင့်အတင့် ပြန်လည်ရောင်းချနေရပြီဖြစ်ကြောင်း၊ ရွှေဈေးကွက်၌ ယခင်က ရွှေအရောင်းအဝယ်ကောင်းခဲ့သည့် ကာလကဲ့သို့ များစွာရောင်းချရခြင်းမရှိသေးသော်လည်း အရောင်းအဝယ် မပါးတော့ဘဲ အသင့်အတင့်ပြန်လည်ရောင်းချနေရပြီဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း (YGEA)မှ ဥက္ကဋ္ဌ ဦးမျိုးမြင့်က ပြောသည်။

"ရွှေအရောင်းအဝယ်ကတော့ ပြန်ရောင်းနေရပါပြီ။ အရင်အရောင်းအဝယ်ကောင်းတုန်းကလို များများစားစားကြီး မလုပ်ရသေးပါဘူး။ အရောင်းအဝယ်ကတော့ မပါးတော့ပါဘူး။ အသင့်အတင့်လောက်တော့ ရှိနေပါပြီ"ဟု ၎င်းက ပြောသည်။

ပြီးခဲ့သည့် ကာလတချို့တွင် ရွှေအရောင်းအဝယ်မှာ ပါးသွားခဲ့ပြီးနောက် ယခုကာလတွင် အရောင်းအဝယ် ပြန်လည်မြင့်တက်လာခြင်း ဖြစ်ကြောင်းလည်း သိရသည်။ အသင်းသူ၊ အသင်းသားများအနေဖြင့် ရွှေဈေးနှုန်း ထိန်းထိန်းသိမ်းသိမ်းရောင်းဝယ်ပေးကြရန်နှင့် လက်ငင်းဖြင့်သာ အရောင်းအဝယ်ပြုလုပ်ပြီး ပို၍ရောင်းခြင်း၊ ဝယ်ခြင်းများကို (လုံးဝ)မပြုလုပ်ကြရန်လည်း YGEA က ပြီးခဲ့သည့် ဇန်နဝါရီ ၂၄ ရက်က ပန်ကြားလွှာထုတ်ပြန်ထားသည်။

ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း (YGEA) ၏ ဇန်နဝါရီ ၃၀ ရက် မွန်းလွဲ ၂ နာရီခွဲ ထုတ်ပြန်ချက်အရ အကယ်ဒမီမီးလင်း ရွှေဈေးကွက်အပိတ်ဈေးနှုန်းမှာ ငွေကျပ် ၃၆၆၈၄၀၀၊ ဇန်နဝါရီ ၃၁ ရက် မွန်းလွဲ ၂နာရီခွဲ ထုတ်ပြန်ချက်အရ အကယ်ဒမီမီးလင်းရွှေဈေးကွက် အပိတ် ဈေးနှုန်းမှာ ငွေကျပ် ၃၆၆၁၂၀၀နှင့် ဖေဖော်ဝါရီ ၁ရက် မွန်းလွဲ ၂ နာရီ ခွဲထုတ်ပြန်ချက်အရ အကယ်ဒမီမီးလင်းရွှေဈေးကွက်အပိတ် ဈေးနှုန်းမှာ ငွေကျပ် ၃၆၇၅၆၀၀၊ ဖေဖော်ဝါရီ ၂ ရက် မွန်းလွဲ ၂နာရီခွဲ ထုတ်ပြန်ချက်အရ အကယ်ဒမီ မီးလင်းရွှေဈေးကွက် အပိတ်ဈေးနှုန်းမှာ ငွေကျပ် ၃၆၉၉၀၀၀ ဖြစ်ကြောင်းလည်း သိရသည်။

**MT**

ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုဆောင်းပါး

# ပြည်ထောင်စုအနာဂတ်အတွက် မလွဲမသွေလုပ်ဆောင်ရမည့်အရာ

ခင်ရတနာ

၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့သည် မိမိတို့နိုင်ငံ၏ နေ့ထူးနေ့မြတ် ပြည်ထောင်စုနေ့ ဖြစ်သည်။ ယခုနှစ်ဆိုလျှင် ပြည်ထောင်စုနေ့ ဖြစ်တည်လာခဲ့သည်မှာ ၇၇ နှစ် တိုင်ခဲ့ပြီ။



ပင်လုံသဘောတူညီချက်ကို ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်များ လက်မှတ်ရေးထိုးနေပုံကို ပြန်လည်ရေးဆွဲထားသည့် သရုပ်ဖော်ပန်းချီ။

ဗြိတိသျှတို့က မြန်မာနိုင်ငံကို သိမ်းပိုက်ပြီးသည့်အခါ ရေရှည်အုပ်ချုပ်ခွင့်ရရှိစေရန် တိုင်းရင်းသားများကို သွေးခွဲအုပ်ချုပ်ခဲ့သည်။ ဗြိတိသျှတို့၏ အုပ်ချုပ်ရေးပရိယာယ်ကြောင့် တိုင်းရင်းသားအချင်းချင်း သံသယများဖြင့် ရင်းနှီးမှုအားနည်း၊ သွေးကွဲခဲ့ရသည်။ အင်္ဂလိပ်တို့ သိမ်းပိုက်ခံရသည့် မူလနှစ် ၇၀ ဝန်းကျင်အထိ မြေပြန့်သားနှင့် တောင်တန်းသားတို့ တစ်ကြိမ်မျှပူးပေါင်း၍ လွတ်လပ်ရေးကို မကြိုးပမ်းခဲ့ဖူးကြ။ ဖက်ဆစ်ကို တော်လှန်ကြမှသာ တိုင်းရင်းသားအားလုံးပေါင်းစည်းမိသည်။ ထို့မှတစ်ဖန် အင်္ဂလိပ်ကို တော်လှန်ခဲ့ကြချိန်တွင်တော့ လွတ်လပ်ရေးဖခင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ခေါင်းဆောင်များ၏ ဦးဆောင်မှုဖြင့် တောင်ပေါ်မြေပြန့်မခွဲခြားဘဲ လွတ်လပ်ရေးပန်းတိုင်သို့ ရောက်ရှိခဲ့သည်။ သို့သော် တစုတစည်းတည်း လွတ်လပ်ရေးရရှိလာခဲ့ခြင်းသည် လွယ်ကူသည့်ခရီးတော့မဟုတ်ခဲ့။ ခက်ခဲကြမ်းတမ်းလှသည်။

တစ်ခုသော ဆောင်းရာသီ၊ ကာလအားဖြင့် ၁၉၄၇ ခုနှစ် ဇန်နဝါရီလအတွင်းက ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ဗြိတိန်သို့ ရောက်ရှိပြီး တောင်တန်း/ပြည်မ မခွဲခြားဘဲ လွတ်လပ်ရေးအတွက် တောင်းဆိုနေစဉ် ပြည်တွင်းမှာရော ပြည်ပမှာပါ မြန်မာနိုင်ငံမှ တောင်တန်းသားနှင့် မြေပြန့်သားတို့ အစေးမကပ်သယောင် ဝါဒဖြန့်မှုများ ပျံ့နှံ့ခဲ့သည်။ မြန်မာပြည်တွင် ကျန်ရစ်သည့်ခေါင်းဆောင်များက တောင်တန်းဒေသများကို အလျင်အမြန်သွားရောက်ကာ တိုင်းရင်းသားတို့ စည်းလုံးညီညွတ်ရေး၊ လွတ်လပ်ရေးအတူတကွ အရယူနိုင်ရေး စည်းရုံးရသည်။ ဗြိတိန်သို့ရောက်ရှိနေသည့် ဗိုလ်ချုပ်အောင်ဆန်းနှင့် မစ္စတာအက်တလီတို့ ချုပ်ဆိုသည့် အောင်ဆန်း-အက်တလီ စာချုပ်အရ ဗြိတိသျှတို့က ပရိယာယ်အပြည့်ဖြင့် ရေးသားထားသည်ကို မြင်တွေ့ရပြီး လွတ်လပ်ရေးပေးရာတွင် တောင်တန်းသားများက ပြည်မကြီးနှင့်ပူးပေါင်းရန် သဘောတူပါက အတူတူလွတ်လပ်ရေးပေးမည်၊ အကယ်၍ ပြည်မနှင့်ပူးပေါင်းရေးကို တောင်တန်းသားများ သဘောမတူပါက သူတို့ဆန္ဒအတိုင်း ဖြစ်စေရမည်ဟူသည့် သဘောသက်ဝင်သည့်စာချုပ် ဖြစ်သည်။

ဗိုလ်ချုပ်နှင့် အဖွဲ့ဝင်များက ဖေဖော်ဝါရီလ ၂ ရက်နေ့ ဗြိတိန်မှ ပြန်လည်ရောက်ရှိသည်နှင့်တစ်ပြိုင်နက် တိုင်းရင်းသားများအားလုံး တညီတညွတ်တည်း လွတ်လပ်ရေးရရှိခံစားနိုင်စေရန်အတွက် လုံ့လစိုက်ထုတ်ခဲ့ရာ ဖေဖော်ဝါရီလ ၈ ရက်နေ့မှ ၁၁ ရက်နေ့အထိ ပင်လုံညီလာခံကြီးတွင် ဆွေးနွေးခဲ့ကြပြီး ဖေဖော်ဝါရီလ ၁၂ ရက်နေ့ နံနက် ၁၀ နာရီတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် တောင်တန်းဒေသကိုယ်စားလှယ် ၂၃ ဦးတို့က ပြည်မနှင့်တောင်တန်း ခွဲခြားမှုမရှိ မြန်မာတိုင်းရင်းသားပေါင်းစုံ ပူးပေါင်းရန် သဘောတူညီသည့် ပင်လုံစာချုပ်ကြီးကို လက်မှတ်ရေးထိုးနိုင်ခဲ့သည်။

တစ်ပြည်ထောင်လုံးရှိတိုင်းရင်းသားပေါင်းစုံ၏ သွေးစည်းညီညွတ်မှုကို ပြသသည့် ထိုတစ်နေ့မှာ မိမိတို့နိုင်ငံ၏ အလေးအမြတ်ပြုရာ ပြည်ထောင်စုနေ့ ဖြစ်လာခဲ့သည်။ ဤသို့ဖြင့် ဗြိတိသျှအစိုးရသည်လည်း ကတိအတိုင်း ပြည်မ တောင်တန်း ဒေသအားလုံးကို တစ်ပြိုင်တည်း လွတ်လပ်ရေးပေးအပ်ခဲ့ရသဖြင့် မိမိတို့ ယနေ့တိုင် လွတ်လပ်သည့်နိုင်ငံအဖြစ် ရပ်တည်လာနိုင်ခဲ့ခြင်းမှာ ပြည်ထောင်စုနေ့တွင် အုတ်မြစ်ချလက်တွဲခဲ့ခြင်း၏ အကျိုးရလဒ်ပင် ဖြစ်ပါသည်။

## ပြည်ထောင်စုအနှစ်သာရ ပျောက်ဆုံးနေပြီလား

မိမိတို့နိုင်ငံသည် ပဋိပက္ခများနှင့် မတည်ငြိမ်မှုအကြား ရုန်းမထွက်နိုင်သေး။ ထိုအရာများက အရိပ်ပမာ အုပ်မိုးထားသဖြင့် စီးပွားရေး၊ လူမှုရေး၊ ဘာသာရေး၊ ပညာရေး စသည့် တိုင်းသူပြည်သားတို့၏ အရေးကိစ္စမှန်သမျှတို့ လောင်းရိပ်မိကာ ညှိုးနွမ်းကြရသည်။ ၁၉၄၈ ခုနှစ် ဇန်နဝါရီလတွင် လွတ်လပ်ရေးရရှိခဲ့ပြီး ၁၉၄၈ ခုနှစ် မတ်လအတွင်းမှာပင် ဗမာပြည်ကွန်မြူနစ်ပါတီ လက်နက်ကိုင်တော်လှန်ရေး စတင်ခဲ့သည့်အတွက် လွတ်လပ်ရေးရရှိပြီး သုံးလအတွင်းမှာ ပြည်တွင်းစစ်မီး စတင်ခဲ့ခြင်းကြောင့် ယခုဆိုလျှင် နှစ်ပေါင်း ၇၀ ကျော် အချင်းချင်း တိုက်ခိုက်ရင်း၊ စွပ်စွဲပြစ်တင်ရင်းဖြင့်သာ အချိန်တွေကုန်ခဲ့ရသည်။ ထိုသို့ ငြင်းခုံဝေဖန်ပြစ်တင်ရင်း အချိန်ကုန်ခံရမည့်အစား မတူကွဲပြားမှုများကို စုစည်းညီညွတ်လိုက်ခြင်းသည်သာ ပဋိပက္ခနှင့် မတည်ငြိမ်မှုများမှ လွတ်မြောက်မည်ဖြစ်ပါသည်။ ထို့အတွက် ပါဝင်ပတ်သက်သူတို့၏ ဉာဏ်ရည်၊ နှလုံးရည်၊ ယုံကြည်ချက်တို့ဖြင့် ပြည်ထောင်စုကြီး ငြိမ်းချမ်းတည်ငြိမ်ခြင်းသို့ ရှေးရှုတည်ဆောက်စေလိုပါသည်။

**မိမိတို့နိုင်ငံသည် ပဋိပက္ခများနှင့် မတည်ငြိမ်မှုအကြား ရုန်းမထွက်နိုင်သေး။ ထိုအရာများက အရိပ်ပမာ အုပ်မိုးထားသဖြင့် စီးပွားရေး၊ လူမှုရေး၊ ဘာသာရေး၊ ပညာရေး စသည့် တိုင်းသူပြည်သားတို့၏ အရေးကိစ္စမှန်သမျှတို့ လောင်းရိပ်မိကာ ညှိုးနွမ်းကြရသည်။ ၁၉၄၈ ခုနှစ် ဇန်နဝါရီလတွင် လွတ်လပ်ရေးရရှိခဲ့ပြီး ၁၉၄၈ ခုနှစ် မတ်လအတွင်းမှာပင် ဗမာပြည်ကွန်မြူနစ်ပါတီ လက်နက်ကိုင်တော်လှန်ရေး စတင်ခဲ့သည့်အတွက် လွတ်လပ်ရေးရရှိပြီး သုံးလအတွင်းမှာ ပြည်တွင်းစစ်မီး စတင်ခဲ့ခြင်းကြောင့် ယခုဆိုလျှင် နှစ်ပေါင်း ၇၀ ကျော် အချင်းချင်းတိုက်ခိုက်ရင်း၊ စွပ်စွဲပြစ်တင်ရင်းဖြင့်သာ အချိန်တွေကုန်ခဲ့ရသည်။ ထိုသို့ ငြင်းခုံဝေဖန်ပြစ်တင်ရင်း အချိန်ကုန်ခံရမည့်အစား မတူကွဲပြားမှုများကို စုစည်းညီညွတ်လိုက်ခြင်းသည်သာ ပဋိပက္ခနှင့် မတည်ငြိမ်မှုများမှ လွတ်မြောက်မည်ဖြစ်ပါသည်။ ထို့အတွက် ပါဝင်ပတ်သက်သူတို့၏ ဉာဏ်ရည်၊ နှလုံးရည်၊ ယုံကြည်ချက်တို့ဖြင့် ပြည်ထောင်စုကြီး ငြိမ်းချမ်းတည်ငြိမ်ခြင်းသို့ ရှေးရှုတည်ဆောက်စေလိုပါသည်**

လက်ရှိတွင် နိုင်ငံအတွင်း ဝါဒကွဲ၊ အယူအဆကွဲပြားမှုများအပြင် ပြည်တွင်း၊ ပြည်ပ အဖျက်သမား၊ နိုင်ငံ့သစ္စာဖောက်များကြောင့် ပြည်တွင်းမငြိမ်သက်မှု၊ တိုက်ပွဲများ ကြုံတွေ့နေရပြီး မိမိတို့နိုင်ငံရေးကို ဘက်ပေါင်းစုံမှ ဝင်ရောက်စွက်ဖက်ခြယ်လှယ်လိုသည့် ပြည်ပနိုင်ငံများ၏ ထိုးနှက်မှုကိုလည်း မကြာခဏ ပြန်လည်ဖြေရှင်းနေရသည်။

တိုင်းပြည်အတွင်း ဖြစ်ပွားနေသည့် ပဋိပက္ခများကို လေ့လာကြည့်သည့်အခါ မဲလိမ်မဲခိုးခြင်းမှသည် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့် ပြေလည်အောင် မဆောင်ရွက်ခြင်းမှအစပြု၍ လက်နက်ကိုင်ပဋိပက္ခများကို အကြမ်းဖက်သည့် နည်းလမ်းဖြင့် လုပ်ဆောင်စေရန် သွေးထိုးမြှောက်ပင့်ပေးနေသည့် CRPH, NUG စသည့် နိုင်ငံ့သစ္စာဖောက် အကြမ်းဖက်သမားများကြောင့် လည်းကောင်း၊ အမှားနှင့် အမှန်ကို ခွဲခြားမမြင်နိုင်သည့် လူငယ်အကြမ်းဖက်သမား PDF တို့ကြောင့်လည်းကောင်း၊ မိမိတို့အကျိုးစီးပွားအလို့ငှာ လက်နက်မစွန့်နိုင်ကြသည့် ပြည်နယ်အချို့မှ တိုင်းရင်းသားလက်နက်ကိုင်တို့ကြောင့် လည်းကောင်း ယခုကဲ့သို့ ပြည်တွင်းစစ်မီး ရှည်ကြာစွာ တောက်လောင်နေရသည်။

ပြည်နယ်အများစုတွင် သစ်တောများ၊ သယံဇာတများကို တရားမဝင်ထုတ်ယူတူးဖော်နေကြသည့် အမည်ခံလက်နက်ကိုင်အဖွဲ့အစည်းများ၊ မူးယစ်ဆေး၊ တရားမဝင်ငွေကြေးဈေးကွက်နှင့် လိမ်လည်မှုများ၊ လက်နက်မှောင်ခိုရောင်းဝယ်ဖောက်ကားခြင်းများ စသည့် ဒုစရိုက်မှုအသီးသီးတို့ကို ဖော်ဆောင်ရင်း နယ်မြေ ထိန်းသိမ်းစောင့်ရှောက်ပေးနေသယောင် လက်နက်ကိုင်အသီးသီးတို့သည် ပြည်ထောင်စုအတွက် အမှိုက်သရိုက်များပင် မဟုတ်ပါလား။

တိုက်ပွဲတိုင်းတွင် အပြစ်မဲ့ပြည်သူတို့၏ စိတ်နှလုံးကို စတေးကြရသည်ချည်းဖြစ်သည်။ မိခင်မဲ့သွားသည့် သားသမီးများ၊ အသက်မဲ့သွားသည့် စာသင်ကျောင်းများ၊ အသက်ဘေးကြောင့် စစ်ဘေးရှောင်စခန်းများတွင် ရာသီဥတုဒဏ်၊ ဗုံးဒဏ်၊ လက်နက်ကြီးဒဏ် စသည့် ဒဏ်ရာဒဏ်ချက်များကို အန်တုရင်ဆိုင်နေကြရသူများသည် မိမိတို့၏ တိုင်းရင်းသားပြည်သူများပင် ဖြစ်ပါသည်။

မိမိတို့နိုင်ငံတွင် အဓိကတိုင်းရင်းသားလူမျိုး ရှစ်မျိုး၊ တိုင်းရင်းသားလူမျိုးစုပေါင်း ၁၃၅ မျိုးခန့်ရှိကြပြီး တိုင်းရင်းသားလူမျိုးအားလုံး သာတူညီမျှအခွင့်အရေးရရှိခံစားခွင့်ရှိသကဲ့သို့ မိမိတို့နိုင်ငံ၏ လျှောက်လှမ်းနေသည့် နိုင်ငံရေးစနစ်မှာ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ဖြစ်သည်။ တိုင်းရင်းသားအားလုံး လိုလားတောင့်တသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုဖြစ်ပေါ်လာစေရန်အတွက် ပြည်တွင်းစစ်မီးများချုပ်ငြိမ်းရေးမှာ ပြည်သူများ အလိုလားအတောင့်တဆုံး ဆန္ဒတစ်ရပ်ပင် ဖြစ်သည်။

## ငြိမ်းချမ်းရေးနှင့်အတူ ရှာဖွေကြရမည့် ဖွံ့ဖြိုးတိုးတက်ရေး

နိုင်ငံတစ်နိုင်ငံ တည်ရှိမှုသည် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုအပေါ်များစွာတည်သည်။ ငြိမ်းချမ်းသာယာသောနိုင်ငံသည် ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းပေါ်ဝယ် အရှိန်အဟုန်မပြတ် ရှေ့ဆက်နေကြသည်။ ငြိမ်းချမ်းသောနိုင်ငံ၏ နိုင်ငံသူ နိုင်ငံသားများသည်လည်း အလိုအလျောက် ဂုဏ်သိက္ခာရှိနေကြသည်။ မြန်မာလူမျိုးတို့၏ ဂုဏ်သိက္ခာသည် ကမ္ဘာ့အလယ်တွင် မြင့်မားနေစေရန် ပြည်ထောင်စုကြီး ငြိမ်းချမ်းဖို့လိုသည်။ ငြိမ်းချမ်းပြီးနောက် အလိုအပ်ဆုံးအရာသည် ဖွံ့ဖြိုးတိုးတက်ရေးပင်ဖြစ်ပြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့နိုင်ငံအနေဖြင့် ပညာရေးကဏ္ဍ

*စာမျက်နှာ ၁၇ သို့*

## ပွင့်ဖြူမြို့နယ်၌ သီးနှံမျိုးစုံ တောင်သူစုပေါင်းရောင်းချပွဲ ပြုလုပ်နိုင်ရေး ညှိနှိုင်းဆွေးနွေး

**ပွင့်ဖြူ ဖေဖော်ဝါရီ ၃**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် စားသုံးသူရေးရာဦးစီးဌာန၊ မြို့နယ်တောင်သူ အကျိုးပြုအသင်းနှင့် မကွေးမြို့ မြင့်မြတ်တော်ဝင် သီးနှံရောင်းဝယ်ရေးကုမ္ပဏီတို့ ပူးပေါင်းပြီး ဒေသခံတောင်သူများ အချိန်ကုန် လူပင်ပန်းသက်သာစွာဖြင့် ဒေသထွက်ကုန် သီးနှံများ အဆင်ပြေစွာ ရောင်းချသွားနိုင်ရေး ရည်ရွယ်လျက် သီးနှံမျိုးစုံ တောင်သူစုပေါင်း ရောင်းချပွဲပြုလုပ်နိုင်ရန် အကြိုညှိနှိုင်း ဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂ ရက်က လက်ပန်ရွယ်ကျေးရွာ၌ ပြုလုပ်သည်။

ဆွေးနွေးပွဲတွင် ပွင့်ဖြူမြို့နယ် စားသုံးသူ ရေးရာဦးစီးဌာန (တာဝန်ခံ) ဒုတိယ ဦးစီးမှူး ဒေါ်ဌေးဌေးဝင်းက ဒေသခံတောင်သူများ ရာသီအလိုက် သီးနှံများစိုက်ပျိုးရာတွင် အစားအစာဘေးကင်းလုံခြုံစေရေး အထူး ဂရုပြုစိုက်ပျိုးကြရန်၊ သီးနှံဈေးကွက်ရရှိရေး ချိတ်ဆက်ဆောင်ရွက်ရန် နည်းလမ်းများ၊ စားသုံးသူအခွင့်အရေးနှင့် စားသုံးသူ ကာကွယ်ရေးဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်း ဆွေးနွေးပြောကြားပြီး မြို့နယ် တောင်သူ အကျိုးပြုအသင်းဥက္ကဋ္ဌ ဦးမြင့်အောင်က သီးနှံမျိုးစုံ တောင်သူစုပေါင်းရောင်းချပွဲ ပြုလုပ်ပေးခြင်း၏ ရည်ရွယ်ချက်နှင့် အကျိုး ကျေးဇူးများ၊ သီးနှံစိုက်ပျိုးထုတ်လုပ်မှု ဆိုင်ရာလုပ်ငန်းများကို ရှင်းလင်းဆွေးနွေး ပြောကြားသည်။

ဆက်လက်၍ မကွေးမြို့ မြင့်မြတ်တော်ဝင် သီးနှံရောင်းဝယ်ရေးကုမ္ပဏီမှ တာဝန်ရှိသူ ဦးစည်သူထွန်းက ဒေသခံတောင်သူများ သီးနှံ ထွက်ကုန်များ အဆင်ပြေစွာ ရောင်းချနိုင်ရေး အတွက် ရာသီအလိုက်သီးနှံမျိုးစုံ တောင်သူ စုပေါင်းရောင်းချပွဲများပြုလုပ်၍ သီးနှံဝယ်ယူ ပေးနေမှုအခြေအနေများ၊ သီးနှံစိုက်ပျိုး ထုတ်လုပ်မှုကဏ္ဍ တိုးတက်မြင့်မားစေရန် ဒေသရှိ တောင်သူအကျိုးပြုအသင်းများနှင့် ပူးပေါင်းပြီး တောင်သူအသိပညာပေး လုပ်ငန်း များ ဆောင်ရွက်ပေးနေမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် ဒေသခံ တောင်သူများက မိမိတို့ဒေသထွက် ပဲမျိုးစုံ သီးနှံ တောင်သူစုပေါင်းရောင်းချပွဲ ကျင်းပ ပြုလုပ်နိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးချက် များအပေါ်သိရှိလိုသည်များကို မေးမြန်း ဆွေးနွေးကြရာ တာဝန်ရှိသူများက ပြန်လည် ရှင်းလင်းဖြေကြားခဲ့သည်။ ဆွေးနွေးပွဲသို့ မြို့နယ်စားသုံးသူရေးရာဦးစီးဌာန တာဝန်ရှိသူ များ၊ မြို့နယ်တောင်သူအကျိုးပြုအသင်း ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြင့်မြတ်တော်ဝင် သီးနှံရောင်းဝယ်ရေးကုမ္ပဏီမှ ဝန်ထမ်းများ နှင့်အတူ ဒေသခံတောင်သူ ၅၀ ခန့် ပါဝင် ဆွေးနွေးခဲ့ကြောင်း သိရသည်။

လှိုင်ဝင်းလေး (ပွင့်ဖြူမြေ)

## ပခုက္ကူမြို့ မြို့မဈေးကြီး၌ မီးဘေးလုံခြုံရေး လက်တွေ့သရုပ်ပြလေ့ကျင့်

**ပခုက္ကူ ဖေဖော်ဝါရီ ၃**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ အမှတ်(၁) စည်ပင်သာယာ မြို့မ ဈေးကြီး၌ ပွင့်လင်းရာသီကာလအတွင်း မီးဘေးလုံခြုံရေးနှင့် မီးဘေး အန္တရာယ်ဖြစ်ပွားလာပါက ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ထိရောက် လျင်မြန်စွာ ဆောင်ရွက်နိုင်ရေးအတွက် လက်တွေ့သရုပ်ပြလေ့ကျင့်မှု ကို ဖေဖော်ဝါရီ ၂ ရက်က ဆောင်ရွက်ကြသည်။

ပခုက္ကူခရိုင် မီးသတ်ဦးစီးမှူးဦးကျော်နိုင် ဦးဆောင်၍ မြို့နယ် မီးသတ်ဦးစီးမှူး ဦးဇော်မျိုးအောင်နှင့် သန္နေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးသီးသန့်မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ယာဉ်ငါးစီး၊ မီးသတ်ရေသယ်ယာဉ်နှစ်စီး၊ မီးသတ်စက်ယာဉ် တစ်စီးတို့ဖြင့် မီးငြိမ်းသတ်မှုသရုပ်ပြလေ့ကျင့်ခြင်း၊ မီးသတ်ဆေးဘူး အသုံးပြု၍ မီးငြိမ်းသတ်ခြင်းလုပ်ငန်းများ လက်တွေ့သရုပ်ပြ ဆောင်ရွက်ကြသည်။ လက်တွေ့သရုပ်ပြမှုကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးနေမျိုးအောင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌဦးအောင်စိုးမိုးနှင့် ဌာနဆိုင်ရာများ၊ ဈေးသူဈေးသားများက ကြည့်ရှုအားပေးခဲ့ကြသည်။

ဘာမီသာ (ပခုက္ကူ)

## ငဖဲမြို့၌ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား စားသောက်ကုန်ပစ္စည်းများထောက်ပံ့ပေးအပ်

**ငဖဲ ဖေဖော်ဝါရီ ၃**

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ် အတွင်းမှ အငြိမ်းစားနိုင်ငံ့ ဝန်ထမ်း ၇၀ အား မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် အခြေခံစားသောက်ကုန် ပစ္စည်း များကို မြို့နယ်အထွေထွေအုပ်ချုပ် ရေးဦးစီးဌာနရုံး အစည်းအဝေး ခန်းမ၌ ဖေဖော်ဝါရီ ၂ ရက်က ထောက်ပံ့ပေးအပ်ခဲ့သည်။

စားသောက်ကုန်များ ထောက်ပံ့ ပေးရာတွင် ငဖဲမြို့နယ် စီမံ အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်စိုးက အမှာစကား ပြောကြားပြီး အငြိမ်းစားနိုင်ငံ့ ဝန်ထမ်းများအား တစ်ဦးလျှင် ဆန်တစ်ပြည်၊ ဆီ ၅၀ ကျပ်သား နှင့် ကုလားပဲ နှစ်ဘူးနှုန်းဖြင့် စုစုပေါင်း ဆန် ပြည် ၇၀၊ ဆီ ၃၅ ပိဿာနှင့် ကုလားပဲဘူး ၁၄၀ တို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြ သည်။



ထို့နောက် မြို့နယ်ပြည်သူ့ ကျန်းမာရေး ဦးစီးဌာနမှ ဒေါက်တာအုန်းဝင်းနှင့် ဝန်ထမ်း များကလည်း အငြိမ်းစားနိုင်ငံ့ ဝန်ထမ်းများအား သွေးပေါင်ချိန် ခြင်း၊ ကိုယ်အလေးချိန် တိုင်းတာ ခြင်း၊ ဆီးချိုသွေးချိုစစ်ဆေး ပေးခြင်းနှင့် မကူးစက်နိုင်သော ရောဂါများ စစ်ဆေးကုသ ပေးခြင်း စသည့်ကျန်းမာရေး စောင့်ရှောက်မှုများ ဆောင်ရွက် ပေးခဲ့ကြသည်။

မယု (ငဖဲ)



(၇၇) နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဟောပြောပွဲနှင့် နံရံကပ် စာစောင်ပြပွဲကို မော်လမြိုင်မြို့ အမှတ် (၁၂) အခြေခံပညာ အထက်တန်းကျောင်း၌ ဖေဖော်ဝါရီ ၂ ရက်က ကျင်းပရာ ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခင်စန်းမြင့်က ပြည်ထောင်စုနေ့ ဦးတည်ချက်များ၊ စစ်မှန်သော မျိုးချစ်စိတ်ဓာတ် စသည့်အကြောင်းအရာများကို ကျောင်းသား ကျောင်းသူများအား ဟောပြောနေစဉ်။

ခရိုင် (ပြန်/ဆက်)

*စာမျက်နှာ ၁၆ မှ*

မြင့်မားရေးနှင့် သုတေသနလုပ်ငန်း များကို ပိုမိုလုပ်ဆောင်နိုင်ရေးကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်သွားကြရန် အလွန်အရေးကြီးသည်ဟု ယူဆမိပါ သည်။

❒ **နိုင်ငံတစ်နိုင်ငံ တည်ရှိမှုသည် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုအပေါ် များစွာတည်သည်။ ငြိမ်းချမ်း သာယာသောနိုင်ငံသည် ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းပေါ်ဝယ် အရှိန်အဟုန်မပြတ် ရှေ့ဆက်နေကြ သည်။ ငြိမ်းချမ်းသောနိုင်ငံ၏ နိုင်ငံသူနိုင်ငံသားများသည်လည်း အလိုအလျောက် ဂုဏ်သိက္ခာရှိနေ ကြသည်။ မြန်မာလူမျိုးတို့၏ ဂုဏ်သိက္ခာသည် ကမ္ဘာ့အလယ်တွင် မြင့်မားနေစေရန် ပြည်ထောင်စုကြီး ငြိမ်းချမ်းဖို့လိုသည်။ ငြိမ်းချမ်းပြီးနောက် အလိုအပ်ဆုံးအရာသည် ဖွံ့ဖြိုးတိုးတက်ရေးပင်ဖြစ်ပြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့နိုင်ငံအနေဖြင့် ပညာရေးကဏ္ဍ မြင့်မားရေးနှင့် သုတေသနလုပ်ငန်း များကို ပိုမိုလုပ်ဆောင်နိုင်ရေးကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်သွားကြရန် အလွန်အရေးကြီးသည်ဟု ယူဆမိပါသည်**

အောင်မြင်သည့် နိုင်ငံတိုင်းတွင် သုတေသနလုပ်ငန်းများကို ကဏ္ဍအလိုက် ဆောင်ရွက်လျက်ရှိကြပြီး သုတေသန လုပ်ငန်းအတွက် ငွေကြေးကုန်ကျခံ ဆောင်ရွက်ခြင်းဖြင့် မှန်ကန်သည့် သတင်းအချက်အလက်များ ရရှိခြင်း၊ အရေးကြီးသည့် အချက်အလက် အကြောင်းအရာများကို စမ်းသပ်သိရှိနိုင် ခြင်း၊ အယူအဆသစ်များ ချမှတ်နိုင်ခြင်း တို့ကို အလွယ်တကူ ပြုလုပ်နိုင်ကြသည်။ သုတေသနလုပ်ငန်းများကို ကျယ်ကျယ် ပြန့်ပြန့် ထိထိရောက်ရောက်ဆောင်ရွက် ခြင်းဖြင့် ထိုနိုင်ငံ၏ စီးပွားရေးနှင့် ဖွံ့ဖြိုး တိုးတက်ရေးတို့မှာ တစ်ဟုန်ထိုး မြင့်မား လာနိုင်ကြောင်း လေ့လာဆန်းစစ်သူများက တညီတညွတ်တည်း ပြောဆိုထားကြသည်။

သုတေသန၏ အကျိုးရလဒ်အနေ ဖြင့် မိမိတို့ နေ့စဉ်အသုံးပြုနေသည့် အသုံးအဆောင်အားလုံးကို ပြည်ပမှ ဝယ်ယူတင်သွင်းရခြင်းကို များစွာ သက်သာခွင့်ရရှိနိုင်သကဲ့သို့ အိမ်နီးချင်း နိုင်ငံများသို့ ပြည်တွင်းထွက်ကုန်များ တင်ပို့ရာတွင်လည်း များစွာအထောက် အကူပြုနိုင်မည်ဖြစ်သည်။ ဥပမာအားဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၏ သီးနှံအလိုက် ဈေးကွက် သုတေသန စာတမ်းများဖြစ်သည့် ကြက်သွန်ဖြူ၊ ပဲတီစိမ်း၊ မတ်ပဲ၊ ဆန်စပါး၊ မျိုးစေ့၊ အစေ့ထုတ်ပြောင်း၊ ပဲပုပ်၊ နေကြာ၊ ကော်ဖီ အစရှိသည်တို့မှ တောင်သူများနှင့် သီးနှံတင်ပို့ရောင်းချသူ များအတွက် သတင်းအချက်အလက်များ ရရှိပြီး ပြည်ပသို့တင်ပို့ရာတွင် များစွာ အထောက်အကူဖြစ်စေသည်ကို မြင်တွေ့ ရသည်။ ထို့အတူ နိုင်ငံတကာမှ စီးပွား ရေး၊ နိုင်ငံရေးဆိုင်ရာ သုတေသနများကို လေ့လာဆန်းစစ်ခြင်းအားဖြင့် ဈေးကွက် လိုအပ်ချက်၊ ဝယ်လိုအားနှင့် အလား အလာ မျှော်မှန်းချက်များကို တွက်ဆနိုင် သည်။

ထို့ကြောင့်ပင် မိမိတို့ကဲ့သို့ ဖွံ့ဖြိုးဆဲ နိုင်ငံများသည် ဖွံ့ဖြိုးတိုးတက်မှုသို့ အလျင်မြန်ဆုံး တက်လှမ်းနိုင်မည့် တစ်ခု တည်းသော နည်းလမ်းဖြစ်သည့် သုတေသန ဆောင်ရွက်ချက်များမှ တစ်ဆင့် ထုတ်ကုန်များကို ကိုယ်တိုင် ထုတ်လုပ်ခြင်းမှသည် တီထွင်စွမ်းအား များ ရင့်သန်ကာ နိုင်ငံ့စီးပွားရေးကို မြှင့်တင်ရာရောက်သကဲ့သို့ နိုင်ငံတော် အေးချမ်းတည်ငြိမ်မှု၊ အလုပ်အကိုင် အခွင့်အလမ်းပေါ်များမှု၊ တိုင်းရင်းသား ပြည်သူများ ချမ်းသာကြွယ်ဝမှုများဆီ အထိ ရောက်ရှိနိုင်မည်ဖြစ်ပါသည်။

မိမိတို့တိုင်းရင်းသားလူမျိုးအားလုံး သည် ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးနိုင် ကြရန်ဟူသည့် ရည်ရွယ်ချက်ဖြင့် ပြည်ထောင်စုနေ့ကို သက်သေအရာထား ကာ လွတ်လပ်ရေးအောင်ပန်းကို အရယူ နိုင်ခဲ့ကြပါသည်။ သို့သော် ပြည်ထောင်စု ကြီး ရေရှည်တည်တံ့ခိုင်မြဲရေး၊ တိုင်းရင်း သားအားလုံးညီညွတ်စွာဖြင့်ဖွံ့ဖြိုးတိုးတက် ရေးလမ်းကြောင်းပေါ် လျှောက်လှမ်း နိုင်ရေးအတွက်မူ အဟန့်အတားနှင့် စိန်ခေါ်မှုများစွာတို့ ရင်ဆိုင်နေရဆဲ ပင်။ တိုင်းရင်းသားလူမျိုးအချင်းချင်း ချစ်ကြည်ရင်းနှီးစွာဖြင့် ပြည်သူများ ရရှိထားသည့် ဒဏ်ရာဒဏ်ချက်များကို အပြန်ပြန်အလှန်လှန် ဆန်းစစ်ကြရင်း စစ်ပွဲများ အပြီးတိုင်ရပ်တန့်ခြင်းဖြင့် ငြိမ်းချမ်းခြင်းနှင့် ဖွံ့ဖြိုးတိုးတက်ခြင်း အထိ ပြီးပြည့်စုံသည့် အနာဂတ် ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုကြီး ကို ထုဆစ်ပုံဖော်ဖို့ အချိန်အခါပင်ဖြစ်ပါ ကြောင်း။ ။

# အီရတ်နှင့် ဆီးရီးယားရှိ အီရန် ကျောထောက်နောက်ခံပြုထားသည့်နေရာများကို အမေရိကန် တိုက်ခိုက်

**ဝါရှင်တန် ဖေဖော်ဝါရီ ၃**

အီရတ်နှင့် ဆီးရီးယားတို့တွင် လေကြောင်း တိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်ဟု အမေရိကန် ဗဟိုကွပ်ကဲရေးဌာနက ကြေညာခဲ့သည်။ အီရန်နိုင်ငံ၏ အစ္စလာမ္မစ်တော်လှန်ရေး အစောင့်တပ်နှင့် ဆက်နွယ်နေသည့် ပြည်သူ့စစ်အဖွဲ့များကို ပစ်မှတ်ထားကာ တိုက်ခိုက်ခဲ့ခြင်း ဖြစ်သည်။ အဆိုပါ တိုက်ခိုက်မှုကို ဖေဖော်ဝါရီ ၂ ရက် အမေရိကန် အရှေ့ပိုင်းစံတော်ချိန် ညနေ ၄ နာရီက ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ၈၅ နေရာကျော်ကို ပစ်မှတ်ထားကာတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်ဟု အမေရိကန် ဗဟိုကွပ်ကဲရေးဌာနကပြောသည်။

ပြည်သူ့စစ် အုပ်စုများ၏ စစ်ဆင်ရေးကွပ်ကဲသည့် နေရာများနှင့် ထိန်းချုပ်သည့်နေရာများကို ပစ်မှတ်ထားကာ တိုက်ခိုက်ခဲ့ခြင်းဖြစ်ပြီး ဒုံးကျည်နှင့် ဒရုန်းများထားရှိသည့် နေရာများကိုလည်း တိုက်ခိုက်ခဲ့သည်ဟု သိရသည်။ ပြီးခဲ့သည့် တနင်္ဂနွေနေ့က ဂျော်ဒန်နိုင်ငံရှိ အမေရိကန် စစ်စခန်းကို ဒရုန်းဖြင့် တိုက်ခိုက်မှုကြောင့် အမေရိကန် တပ်ဖွဲ့ဝင် သုံးဦးသေဆုံးသွားခဲ့ပြီး ယင်းဖြစ်ရပ်ကို လက်တုံ့ပြန်သည့် အနေဖြင့် ယခုကဲ့သို့ ပြန်လည် တိုက်ခိုက်ခဲ့ခြင်း ဖြစ်ကြောင်း အမေရိကန် အစိုးရအရာရှိ တစ်ဦးက အင်န်အိတ်ချ်ကေသို့ ပြောသည်။ အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က ၎င်း၏ ညွှန်ကြားမှုဖြင့် အမေရိကန် တပ်ဖွဲ့သည် အီရတ်နှင့်ဆီးရီးယားရှိ အီရန် အစ္စလာမ္မစ် တော်လှန်ရေး အစောင့်တပ်နှင့် ဆက်နွယ်နေသည့် ပြည်သူ့စစ်များ၏ နေရာများကို ပစ်မှတ်ထားကာ တိုက်ခိုက်ခဲ့သည်ဟု ကြေညာချက်တွင် ဖော်ပြထားသည်။

အမေရိကန်သည် အရှေ့အလယ်ပိုင်းဒေသ သို့မဟုတ် ကမ္ဘာပေါ်ရှိ အခြားသောမည်သည့်နေရာတွင် မဆို ပဋိပက္ခများ ကြီးထွားလာရန် မပြုလုပ်လိုသော်လည်း အမေရိကန်ကို ထိခိုက်လာပါက ပြန်လည်လက်တုံ့ပြန်သွားမည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**


ဆီးရီးယားနိုင်ငံ တယ်လ်ဟာမစ်မြို့တွင် ကင်းလှည့်နေသည့် အမေရိကန်တပ်ဖွဲ့ဝင်များကို ဇန်နဝါရီ ၂၄ ရက်က တွေ့ရစဉ်။


ဘာသာရေးအဆောက်အအုံ၌ အခင်းဖြစ်ပွားမှုကို ဇန်နဝါရီ ၂၈ ရက်က တွေ့ရစဉ်။

# အစ္စတန်ဘူလ် ဘာသာရေးအဆောက်အအုံတိုက်ခိုက်ခံရမှုနှင့် ပတ်သက်ပြီး သံသယရှိသူ ၁၇ ဦးကို တူကီယဲရဲတပ်ဖွဲ့က ဖမ်းဆီးထိန်းသိမ်း

**အစ္စတန်ဘူလ် ဖေဖော်ဝါရီ ၃**

တူကီယဲနိုင်ငံ၏ အကြီးဆုံးမြို့ဖြစ်သည့် အစ္စတန်ဘူလ်၌ မကြာသေးမီက ဘာသာရေးကျောင်း တိုက်ခိုက်ခံရမှုနှင့် ဆက်စပ်ပြီး အိုင်အက်စ်အဖွဲ့ဝင်များဟု သံသယရှိသူ ၁၇ ဦးကို တူကီယဲရဲတပ်ဖွဲ့က ဖေဖော်ဝါရီ ၃ ရက်တွင် ဖမ်းဆီးထိန်းသိမ်းထားကြောင်း အစိုးရပိုင် အသံလွှင့်ဌာန တီအာတီက ထုတ်ပြန်ထားသည်။

ရဲတပ်ဖွဲ့က အမျိုးသား ထောက်လှမ်းရေးအဖွဲ့နှင့် ပူးပေါင်း၍ မြို့တော်အတွင်း သံသယရှိသူများကို ဖမ်းဆီးမှုစစ်ဆင်ရေး လုပ်ဆောင်ခဲ့ရာ စာရွက်စာတမ်းအများအပြား သိမ်းဆည်းရမိခဲ့ကြောင်း အသံလွှင့်ဌာနက ဖော်ပြထားသည်။ အဖွဲ့အစည်းတစ်ခုအတွင်း အဖွဲ့ဝင်ခြင်းနှင့် ရည်ရွယ်ချက်ရှိရှိ လူသတ်ခြင်းဖြင့် ဘာသာရေး အဆောက်အအုံ တိုက်ခိုက်မှုနှင့် ဆက်စပ်၍ လူ ၂၅ ဦးကို ဖမ်းဆီးထားကြောင်း တရားရေးဝန်ကြီး ယယ်မက်တန့်က ဖေဖော်ဝါရီ ၂ ရက်တွင် ကြေညာခဲ့သည်။

ဇန်နဝါရီ ၂၈ ရက်က အစ္စတန်ဘူလ်မြို့၏ ဆာရီယာခရိုင်ရှိ ဆန်တာ မာရီယာဘာသာရေး အဆောက်အအုံ၌ အိုင်အက်စ်အဖွဲ့နှင့် ဆက်စပ်သည်ဟု ယုံကြည်ရသည့် တိုက်ခိုက်ရေးသမားနှစ်ဦးက တူကီယဲနိုင်ငံသားတစ်ဦးကို ပစ်သတ်ခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**

# ဂါဇာ၌ အစ္စရေးတိုက်ခိုက်မှုကြောင့် ပါလက်စတိုင်း သေဆုံးမှု ၂၇၂၃၈ ဦးရှိပြီ

**ဂါဇာ ဖေဖော်ဝါရီ ၃**

ဂါဇာကမ်းမြောင်ဒေသ၌ အစ္စရေးတို့၏ တိုက်ခိုက်မှုကြောင့် ပါလက်စတိုင်းနိုင်ငံသားသေဆုံးသူ စုစုပေါင်း ၂၇၂၃၈ ဦးအထိ တိုးလာကြောင်း ဟားမားစ်ကျန်းမာရေးဝန်ကြီးဌာနက ဖေဖော်ဝါရီ ၃ ရက်တွင် ပြောကြားသည်။

အစ္စရေး-ဟားမားစ်ပဋိပက္ခစတင်ဖြစ်ပွားသည့် ၂၀၂၃ ခုနှစ် အောက်တိုဘာ ၇ ရက်မှ စကာ ပါလက်စတိုင်း စုစုပေါင်း ၆၆၄၅၂ ဦး ဒဏ်ရာရရှိကြောင်း ဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်ရှိသူ အရှာရက် အယ်-ကွီဒါက ထုတ်ပြန်ချက်တွင် ပြောကြားသည်။ ထို့ပြင် လွန်ခဲ့သည့် ၂၄ နာရီအတွင်း အစ္စရေးတပ်ဖွဲ့၏ တိုက်ခိုက်မှုကြောင့် ပါလက်စတိုင်း ၁၀၇ ဦး သေဆုံးပြီး ၁၆၅ ဦး ဒဏ်ရာရရှိကြောင်း အယ်-ကွီဒါက ထုတ်ပြန်ထားသည်။

ဖေဖော်ဝါရီ ၃ ရက်အစောပိုင်းတွင် ဒီရာ အယ်-ဘာလာ့နှင့် ရာဖာမြို့တို့ကို အစ္စရေးက လေကြောင်းတိုက်ခိုက်မှုများ၊ အမြောက်များဖြင့် ဗုံးကြဲမှုများကြောင့် ကလေးငယ်များနှင့် အမျိုးသမီးများ အပါအဝင် ပါလက်စတိုင်း ၂၄ ဦးထက်မနည်း သေဆုံးကြောင်း တရားဝင်ပါလက်စတိုင်းသတင်းအေဂျင်စီ ဒဗလျူအေအက်ဖ်အေက ဖော်ပြထားသည်။ **ဆင်ဟွာ**



# နှစ်နှစ်အတွင်း အာဖဂန်နစ္စတန်၌ မူးယစ်ဆေးဝါးဓာတ်ခွဲခန်းပေါင်း ၁၁၀၀ ကို ဖျက်ဆီးခဲ့

**ကဘူးလ် ဖေဖော်ဝါရီ ၃**

ပြီးခဲ့သည့် နှစ်နှစ်ကျော်ကြာကာလအတွင်း အာဖဂန်နစ္စတန်အစိုးရသည် စစ်ဆင်ရေးပေါင်း ၂၀၀၀၀ ကျော်ပြုလုပ်ကာ မူးယစ်ဆေးဝါးဓာတ်ခွဲခန်းပေါင်း ၁၁၀၀ ကို ဖျက်ဆီးခဲ့သည်ဟု မူးယစ်ဆေးဝါး တိုက်ဖျက်ရေးဆိုင်ရာ ပြည်ထဲရေး ဒုတိယဝန်ကြီး အဗ္ဗဒူ ဟာခ်ဟမ်ကာက ပြောသည်။ မူးယစ်ဆေးဝါးလုပ်ငန်းတွင် ပါဝင်ပတ်သက်သည့် လူပေါင်း ၁၃၇၀၀ ကိုလည်း ဖမ်းဆီးကာတရားစွဲဆိုခဲ့သည်ဟု ၎င်းက ဆက်ပြောသည်။

အာဖဂန်အစိုးရသည် ဘိန်းစိုက်ပျိုးခြင်း၊ မူးယစ်ဆေးထုတ်လုပ်ခြင်းနှင့် မူးယစ်ဆေးမှောင်ခိုရောင်းချခြင်းတို့ကို ၂၀၂၂ ခုနှစ် ဧပြီလမှ စတင်ကာ တားဆီးပိတ်ပင်ခဲ့သည်။ ထိုစဉ်က ကမ္ဘာ့အသိုင်းအဝိုင်းသည် အာဖဂန်နစ္စတန်တွင် ဘိန်းအစားထိုးသီးနှံစိုက်ပျိုးမှုကို ကူညီပေးရန် ပျက်ကွက်နေသည်ဟု ၎င်းက ဆက်လက် ပြောကြားခဲ့သည်။ အာဖဂန်နစ္စတန်တွင် မူးယစ်ဆေးစွဲသူ သုံးသန်းကျော်ရှိပြီး ၎င်းတို့ထဲမှ ၁၀၀၀၀၀ ကျော်ကို အာဖဂန်အစိုးရက ဆေးဘက်ဆိုင်ရာ ကုသမှုများ ထောက်ပံ့ပေးထားသည်ဟု ဟမ်ကာက ပြောသည်။

အိမ်ခြေရာမဲ့ မူးယစ်ဆေးစွဲနေသူများကို စာရင်းကောက်ယူကာ ကုသမှုများပေးခဲ့ကြောင်း၊ ၎င်းတို့ထဲမှအချို့မှာ ယခုအခါ ကောင်းမွန်သည့်ဘဝ ပြန်လည်ရောက်ရှိကာ အိမ်ရာအတည်တကျဖြစ်နေကြပြီဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ **ဆင်ဟွာ**


ကဘူးလ်မြို့အနောက်ပိုင်းရှိ တံတားအောက်တွင် မူးယစ်ဆေးသုံးစွဲနေသူများကို တွေ့ရစဉ်။

# ပါရီမြို့၌ ဓားထိုးမှုကြောင့် လူသုံးဦးဒဏ်ရာရ

**ပါရီ ဖေဖော်ဝါရီ ၃**

ပါရီ အရှေ့တောင်ပိုင်းရှိ ဂဲရ်ဒီလီယွန်ဘူတာရုံတွင် ဖေဖော်ဝါရီ ၃ ရက်က ဓားထိုးမှုဖြစ်ပွားရာ လူသုံးဦး ဒဏ်ရာရရှိခဲ့သည်ဟု ပြည်တွင်းမီဒီယာများတွင် ဖော်ပြကြသည်။ နံနက် ၈ နာရီ ဝန်းကျင်က ဓားထိုးမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ဒဏ်ရာရရှိသူသုံးဦးအနက် တစ်ဦးမှာ ဒဏ်ရာအလွန်ပြင်းထန်ပြီး ကျန်နှစ်ဦးမှာမူ အသေးစားဒဏ်ရာများသာ ရရှိခဲ့သည်ဟု ရဲတပ်ဖွဲ့သတင်းအရင်းအမြစ်အရ သိရသည်။ ဓားထိုးမှုပြုလုပ်စဉ် ပြစ်မှုကျူးလွန်သူမှာ မည်သည့်ကြွေးကြော်သံကိုမျှ ဟစ်ကြွေးခြင်း မပြုခဲ့ပေ။ ရဲများရောက်ရှိလာသည့်အခါ ၎င်း၏ အီတလီယာဉ်မောင်းလိုင်စင်ကို ထုတ်ပြခဲ့သည်ဟု သိရသည်။ **ဆင်ဟွာ**



## ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ(အက်ခ်မက်)အတွက် Logo Design ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ပါကြောင်း အသိပေးခြင်း

၁။ ဧရာဝတီ-ကျောက်ဖရား-မဲခေါင်၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ (အက်ခ်မက်) (Ayeyawady-Chao Phraya-Mekong Economic Cooperation Strategy ACMECS) အဖွဲ့အတွက် Logo Design ပြိုင်ပွဲကို ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာနမှ ဦးဆောင်၍ ပြုလုပ်သွားမည်ဖြစ်ပြီး ပထမဆု အမေရိကန်ဒေါ်လာ ၁၀၀၀၊ ဒုတိယဆု အမေရိကန်ဒေါ်လာ ၅၀၀ နှင့် တတိယဆု အမေရိကန်ဒေါ်လာ ၃၀၀ ချီးမြှင့်သွားမည်ဖြစ်ပါသည်။

၂။ အဆိုပါပြိုင်ပွဲသို့ အသက် ၁၅ နှစ်နှင့်အထက် မြန်မာနိုင်ငံသားများ တစ်ဦးချင်းသို့မဟုတ် အဖွဲ့လိုက် ဝင်ရောက်ယှဉ်ပြိုင်နိုင်ပါသည်။ Logo Design ၏ Theme မှာ "ACMECS as an adaptive and forward-looking sub-regional cooperation framework and connector with other sub-regional and regional frameworks towards a prosperous and sustainable Mekong sub-region" ဖြစ်ပါသည်။ ပြိုင်ပွဲလျှောက်လွှာများကို ACMECS Interim Secretariat ၏ အီးမေးလ် acmecs.sec@gmail.com သို့ **၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှ မတ်လ ၃၁ ရက်နေ့အထိ** ပေးပို့လျှောက်ထားနိုင်ပါသည်။

၃။ အက်ခ်မက် Logo Design ပြိုင်ပွဲဝင်သူများ သိရှိလိုက်နာရန်နှင့် နည်းပညာဆိုင်ရာ အဓိကအချက်အလက်များကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

(က) ပြိုင်ပွဲဝင်သူသည် Logo Design ရေးဆွဲသူကိုယ်တိုင်ဖြစ်ရမည်။ Logo Design သည် မူရင်းဖြစ်ရမည်။ အငြင်းပွား/ကန့်ကွက်ဖွယ်ရာများ မပါရှိရ။ အခြားအဖွဲ့အစည်း၏ ဉာဏပိုင်ဆိုင်မှုအခွင့်အရေးကို ဖောက်ဖျက်ခြင်းမရှိရ။

(ခ) ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ACMECS Interim Secretariat တို့သည် ပြိုင်ပွဲဝင် Logo Design နှင့်ပတ်သက်သည့် မူပိုင်ခွင့်ချိုးဖောက်မှု၊ ဉာဏပိုင်ဆိုင်မှုချိုးဖောက်မှုများနှင့် ပြင်ပအဖွဲ့အစည်းနှင့်ပတ်သက်၍ ပေါ်ပေါက်လာသည့် အငြင်းပွားမှုများကို တာဝန်မယူပါ။

(ဂ) ဆုရရှိသည့် Logo Design သည် ACMECS Interim Secretariat ၏ ဉာဏပိုင်ဆိုင်မှုဖြစ်ပြီး ဆုရရှိသူအနေဖြင့် ဆုလက်ခံပြီးသည့်အချိန်မှစ၍ ၎င်း Logo Design နှင့်ပတ်သက်၍ မည်သည့်အခွင့်အရေးမှ ခံစားနိုင်မည်မဟုတ်ပါ။

(ဃ) ပြိုင်ပွဲဝင်များသည် Logo Design ကို JPEG/PNG/PDF ဖိုင်အမျိုးအစားဖြင့် ပေးပို့ရမည်။ Logo သည် High Resolution နှင့် အနည်းဆုံး 300 DPI အရွယ်အစား ဖြစ်ရမည်။ ဒစ်ဂျစ်တယ်နည်းပညာဖြင့် ရေးဆွဲထားသော Logo ဖြစ်ရမည်။ ပြိုင်ပွဲဝင်များသည် Logo Design ကို ရေစာ (imprint/watermark) ကဲ့သို့ ရေးဆွဲ၍ မရပါ။ Logo Design သည် အရောင်ဖြင့် ဖြစ်ရမည်။

(င) ဆုရွေးချယ်ခံရသူသည် ၎င်း Logo Design ကို အချိုးအစား အတိအကျ ဖော်ပြထားသည့် Specification Sheet ဖြင့် Final Design၊ Theme Synopsis နှင့် Concept တို့နှင့်အတူ ပေးပို့ရမည်။ ဆုရွေးချယ်ခံရသူသည် ၎င်း Logo Design ကို ပြုပြင်နိုင်သော Open File Format ဖြင့်လည်း ပေးပို့ရမည်။

၄။ ပြိုင်ပွဲဝင်များအား အောက်ပါအတိုင်း စိစစ်ရွေးချယ်သွားမည်ဖြစ်ပါသည်-

(က) ပြိုင်ပွဲဝင် လျှောက်လွှာများကို ACMECS Interim Secretariat မှ စိစစ်လက်ခံ၍ အက်ခ်မက် အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသည့် ဆုရွေးချယ်ရေးကော်မတီမှ အကဲဖြတ်ရွေးချယ်မည်ဖြစ်သည်။

(ခ) ပြိုင်ပွဲဝင်လျှောက်လွှာများကို တီထွင်ဆန်းသစ်မှု၊ မူပိုင်ဒီဇိုင်းဖြစ်မှု၊ ဖွဲ့စည်းတည်ဆောက်မှု၊ နည်းပညာဆိုင်ရာအရည်အသွေးပြည့်ဝမှု၊ ရိုးရှင်းမှု၊ အနုပညာဆန်မှု၊ အမြင်သင့်လျော်မှုနှင့် Logo Design ၏ Theme နှင့် လိုက်လျောညီထွေရှိမှုတို့အပေါ် အခြေခံ၍ အကဲဖြတ်သွားမည်။

(ဂ) သတ်မှတ်ချက်နှင့် မကိုက်ညီသည့် ပြိုင်ပွဲဝင်လျှောက်လွှာများကို ACMECS Interim Secretariat မှ အသုံးပြုမည်မဟုတ်ပါ။ ပြိုင်ပွဲ/ပြိုင်ပွဲဝင်လျှောက်လွှာများ/ ဆုရရှိသူများနှင့်ပတ်သက်၍ ဥပဒေကြောင်းအရ ဆောင်ရွက်ရန်ကိစ္စရပ် တစ်စုံတစ်ရာပေါ်ပေါက်လာပါက ထိုင်းနိုင်ငံ၏ ပြည်တွင်းတရားစီရင်ပိုင်ခွင့်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်သည်။




၅။ ပြိုင်ပွဲလျှောက်လွှာပုံစံ (Application Form)၊ Terms and Conditions နှင့် ပြိုင်ပွဲဆိုင်ရာ အသေးစိတ်အချက်အလက်များကို https://shorturl.at/zAJOW နှင့် ပူးတွဲကြော်ငြာချက်ပါ QR Code တို့တွင် ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မှစ၍ ရယူနိုင်ပါကြောင်း ဖော်ပြအပ်ပါသည်။

မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | မြင့်စိုး |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော် |
| ဘာသာပြန် စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်း သတင်းထောက်များ | - | ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| ဓာတ်ပုံ သတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၃-၂-၂၀၂၄

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၅၅၅ ကျပ် | ၂၆၀၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၆၀၀ ကျပ် | ၂၆၄၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၇၆၅ ကျပ် | ၂၈၁၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၈၉၀ ကျပ် | ၂၉၄၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

## မော်တော်ယာဉ်မောင်းနှင်သူသည် မိမိရှေ့မှယာဉ်ကို ကျော်တက်လိုပါက ဂရုပြုရမည့်အချက်များ {နည်းဥပဒေ ၂၉၀(က)}

မော်တော်ယာဉ်မောင်းနှင်သူသည် မိမိရှေ့မှ မော်တော်ယာဉ်ကို ကျော်တက်လိုလျှင် အောက်ပါအချက်များကို ဂရုပြုရပါမည်-

(က) နောက်မှလိုက်ပါနေသော မော်တော်ယာဉ်သည် မိမိမော်တော်ယာဉ်ကို ကျော်တက်ရန် ပြင်ဆင်နေခြင်းရှိ မရှိ၊

(ခ) မိမိကျော်တက်လိုသော မော်တော်ယာဉ်သည် ယင်း၏ရှေ့ရှိ မော်တော်ယာဉ်ကို ကျော်တက်ရန် ပြင်ဆင်ခြင်း ရှိ မရှိ၊

(ဂ) ကျော်တက်ရာတွင် မိမိအသုံးပြုမည့် ယာဉ်ကြောသွားလာမှု ရှင်း မရှင်း။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ညီညီ - စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၇၀၀ | ၈၆၀၀ | ၂၈၉၅ | ၂၄၉၁၁၂၀၀ |
| MTSH | ၂၉၀၀ | ၂၉၅၀ | ၁၀၄၀၇ | ၃၀၁၉၀၆၀၀ |
| MCB | ၈၀၀၀ | ၈၀၀၀ | ၇၀ | ၅၆၀၀၀၀ |
| FPB | ၁၅၅၀ | ၁၅၅၀ | ၁၀၁၃ | ၁၅၇၀၁၅၀ |
| TMH | ၂၅၀၀ | ၂၄၀၀ | ၁၀၁ | ၂၄၇၅၀၀ |
| EFR | ၁၉၀၀ | ၁၉၀၀ | ၆၇ | ၁၂၇၃၀၀ |
| AHPC | ၄၇၀၀ | ၄၈၀၀ | ၃၀ | ၁၄၁၉၀၀ |
| MAEPC | ၁၇၅၀ | ၁၇၅၀ | ၆၉ | ၁၂၀၇၅၀ |

# မြန်မာနိုင်ငံလုံးဆိုင်ရာ သုတစုံလင်ဗဟုဒ္ဓဝင် ဖြေဆိုပူဇော်ပွဲတွင် အုတ်တွင်းစာဖြေဌာန ပါဝင်ကျင်းပနိုင်ရေး ညှိနှိုင်းဆွေးနွေး

**အုတ်တွင်း ဖေဖော်ဝါရီ ၃**

(၁၁) ကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ သုတစုံလင်ဗုဒ္ဓဝင် ဖြေဆိုပူဇော်ပွဲတွင် အုတ်တွင်းစာဖြေဌာနအနေဖြင့် ပါဝင်ကျင်းပနိုင်ရေး ညှိနှိုင်းဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂ ရက်က အင်ဒိုင်းကျေးရွာ စိတ္တာသုခ ကျောင်းတိုက်၌ ပြုလုပ်သည်။

ဆွေးနွေးပွဲသို့ အုတ်တွင်းစာဖြေဌာန၏ ဥက္ကဋ္ဌဆရာတော် ဦးဝိသုတ (ရေအိုးစဉ်ကျောင်း)အပါအဝင် အင်ဒိုင်း၊ ငှက်ပျောတော၊ လက်ပံခုံတို့မှ ဆရာတော်များနှင့် ရေအိုးစဉ်၊ သရက်အုပ်၊ ကျောင်းစု၊ ကံလျက်တော၊ တောင်ညိုတို့မှ သင်ကြားရေး ဆရာ ဆရာမများနှင့် အင်ဒိုင်းကျေးရွာမှ သာသနာ့အကျိုးတော်ဆောင်များ တက်ရောက်ကြသည်။

ညှိနှိုင်းဆွေးနွေးမှုများအရ ယခုနှစ်ဧပြီလတွင်ကျင်းပမည့် တစ်နိုင်ငံလုံးအဆင့် (၁၁) ကြိမ်မြောက် သုတစုံလင်ဗုဒ္ဓဝင် ဖြေဆိုပူဇော်ပွဲ (ပြိုင်ပွဲ) ကြီး၌ အုတ်တွင်းစာဖြေဌာနအနေဖြင့် ယခင်နှစ်နည်းတူ ပါဝင်ဖြေဆိုမည်ဖြစ်ကြောင်း၊ ယခင်နှစ်က ရေအိုးစဉ်ကျေးရွာ (ရေအိုးစဉ်ကျောင်းတိုက်)၌ ကျင်းပခဲ့ပြီး ယခုနှစ်တွင် အင်ဒိုင်းကျေးရွာ (စိတ္တာသုခကျောင်းတိုက်)၌ ကျင်းပမည်ဖြစ်ကြောင်း၊ သုတစုံလင်ဗုဒ္ဓဝင် ဖြေဆိုပူဇော်ပွဲ (အုတ်တွင်းစာဖြေဌာန)၏ ကျင်းပရေးဦးစီးကော်မတီကို ရေအိုးစဉ် ဆရာတော်က ဥက္ကဋ္ဌအဖြစ် တာဝန်ယူပြီး အဖွဲ့ဝင် ၂၅ ဦးဖြင့် ဖွဲ့စည်းဆောင်ရွက်ခဲ့ကြောင်း၊ အုတ်တွင်းစာဖြေဌာန အနေဖြင့် သင်ကြားရေးဌာန ခြောက်ကျောင်းမှ မူလတန်း၊ အလယ်တန်း ကျောင်းသားကျောင်းသူ စုစုပေါင်း ၁၃၀ ခန့် ဝင်ရောက်၍ ဖြေဆိုပူဇော်ပြိုင်ပွဲဝင်မည်ဖြစ်ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

**အေမင်းရည်စော(ပြန်/ဆက်)**

## ကော့ကရိတ်မြို့နယ် မိတန်ရွာတွင် တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ ဂျက်ဖိုက်တာဖြင့် ဗုံးကြဲတိုက်ခိုက်ခြင်းကြောင့် စာသင်ကျောင်းနှင့် နေအိမ်များ ထိခိုက်ပျက်စီးဟု မဟုတ်မမှန်သတင်းများကို လူမှုကွန်ရက်ပေါ်တွင် ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၃**

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်တွင် ဖေဖော်ဝါရီ ၁ ရက်က တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ ကျိုက်ဒုံမြို့အနီး မိတန်ကျေးရွာ စာသင်ကျောင်းဝင်းအတွင်း ပေါင် ၅၀၀ ဗုံး သုံးလုံးဖြင့် လာရောက်ဗုံးကြဲပစ်ခတ်ခဲ့ရာ ကျေးရွာစာသင်ကျောင်းနှင့် နေအိမ်တချို့ ထိမှန်ပျက်စီးခဲ့သည်ဟု မဟုတ်မမှန်သတင်းမှားများကို လူမှုကွန်ရက်ပေါ်တွင် ရေးသားဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

အဆိုပါ သတင်းနှင့်ပတ်သက်၍ မြေပြင်စုံစမ်းသိရှိရသော သတင်းများအရ ဖေဖော်ဝါရီ ၁ ရက်တွင် ကော့ကရိတ်မြို့နယ်အတွင်း လေယာဉ်ပျံသန်းမှု မရှိကြောင်းနှင့် တပ်မတော်မှ အဆိုပါ မိတန်ရွာအား ဗုံးကြဲတိုက်ခိုက်သည် ဆိုသည်မှာ သတင်းမှားသာဖြစ်ပြီး အကြမ်းဖက်အားပေး ပြည်ဖျက်မီဒီယာများက ပြည်သူများ အထင်အမြင်လွဲမှားစေနိုင်သော အခြေအမြစ်မရှိသည့် ကောလာဟလသတင်းများကို လူမှုကွန်ရက်စာမျက်နှာများတွင် ထုတ်လွှင့်ဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။



**သတင်းစဉ်**

## သဃ်န်းညီနောင်တွင် တပ်မတော်ကပစ်ခတ်သော လက်နက်ကြီးကျည်ထိမှန်၍ ကလေးငယ် တစ်ဦးသေဆုံးပြီး ပြည်သူ ငါးဦးထက်မနည်း ဒဏ်ရာရဟု မဟုတ်မမှန်သတင်းများကို ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၃**

ကရင်ပြည်နယ် မြဝတီမြို့နယ်တွင် ဖေဖော်ဝါရီ ၂ ရက်က သဃ်န်းညီနောင် စစ်ဗျူဟာနှင့် ရွာသစ်ကုန်းကျေးရွာ



အာရှလမ်းပိုင်း၌ တပ်မတော်က ပစ်ခတ်သော လက်နက်ကြီးကျည်ထိမှန်၍ ကလေးငယ် တစ်ဦး သေဆုံးပြီး ပြည်သူ ငါးဦးထက်မနည်း ဒဏ်ရာရရှိခဲ့သည်ဟု မဟုတ်မမှန်သတင်းများကို လူမှုကွန်ရက်ပေါ်တွင် ရေးသားဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ သက်ဆိုင်ရာနယ်မြေရှိ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ဖေဖော်ဝါရီ ၂ ရက်တွင် သဃ်န်းညီနောင် စစ်ဗျူဟာနှင့် ရွာသစ်ကုန်းကျေးရွာတို့တွင် တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ KNLA သောင်းကျန်းသူအဖွဲ့နှင့် PDF အကြမ်းဖက်အဖွဲ့များက တပ်၊ စခန်းများကို အဝေးမှ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်မှုများ လုပ်ဆောင်မှုကြောင့် အနီးဝန်းကျင်ရှိကျေးရွာအတွင်းသို့ လက်နက်ကြီးများ ကျရောက်ပေါက်ကွဲခဲ့၍ ဒေသခံပြည်သူများ ထိမှန်သေဆုံးရခြင်းဖြစ်ပြီး အကြမ်းဖက်အားပေး ပြည်ဖျက်မီဒီယာများက တပ်မတော်ကပစ်ခတ်သည်ဟု သတင်းမှားများ လုပ်ကြံရေးသားကာ ဝါဒဖြန့်ချိနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

### စွမ်းအင်ဝန်ကြီးဌာန
### မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ အမှတ်(၂)ရေနံချက်စက်ရုံ(ချောက်)မှ ရေနံစိမ်းသိုလှောင်ကန် $A_1$, $A_6$ တို့တွင် ကျန်ရှိသော ရေနံစိမ်းများအား မျက်မြင်အခြေအနေအတိုင်း အပြောင်းရွှေ့စနစ်ဖြင့် တပေါင်းတည်း တင်ဒါခေါ်ယူရောင်းချမည်ဖြစ်ပါ၍ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်တွင် အဆိုပြုလွှာ တင်သွင်း နိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | တည်နေရာ | ပစ္စည်း အမျိုးအမည် | ပမာဏ (ဂါလန်) | တင်ဒါပိတ်ချိန် | | တင်ဒါဖွင့်ချိန် | |
|---|---|---|---|---|---|---|---|
| | | | | ရက် | နာရီ | ရက် | နာရီ |
| ၁ | ချောက် | ရေနံစိမ်း | ၁၈၉၀၄၄ | ၁၅-၂-၂၀၂၄ | ၁၂:၀၀ | ၁၅-၂-၂၀၂၄ | ၁၄:၀၀ |

၂။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုဌာန၊ ဖုန်း ၀၆၇-၃၄၁၁၀၈၂ သို့ ရုံးချိန် အတွင်း ဆက်သွယ်၍ မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

### စွမ်းအင်ဝန်ကြီးဌာန
### မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရေနံဓာတုဗေဒစက်ရုံစု (သံပရာကန်)မှ ဓာတ်ဆီများအား အောက်ဖော်ပြပါအတိုင်း တင်ဒါခေါ်ယူရောင်းချမည်ဖြစ်ပါ၍ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်တွင် အဆိုပြုလွှာတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | ပစ္စည်း အမျိုးအမည် | ပမာဏ (ဂါလန်) | တင်ဒါပိတ်ချိန် | | တင်ဒါဖွင့်ချိန် | |
|---|---|---|---|---|---|---|
| | | | ရက် | နာရီ | ရက် | နာရီ |
| ၁ | ဓာတ်ဆီ | ၁၀၀၀၀၀၀ | ၂၀-၂-၂၀၂၄ | ၁၂:၀၀ | ၂၀-၂-၂၀၂၄ | ၁၄:၀၀ |
| ၂ | ဓာတ်ဆီ | ၁၀၀၀၀၀၀ | ၁၂-၃-၂၀၂၄ | ၁၂:၀၀ | ၁၂-၃-၂၀၂၄ | ၁၄:၀၀ |

၂။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုဌာန၊ ဖုန်း ၀၆၇-၃၄၁၁၀၈၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်၍ မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**


### ပျောက်ဆုံးကြောင်း

မမြတ်ငြိမ်းအေး ၅/မရန (နိုင်) ၁၇၅၄၇၅ ၏ နိုင်ငံကူးလက်မှတ် အမှတ်(A 164723) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၈၀၄၂၁၈၇

### ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 70W/57732 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကညန၊ခရိုင်ရုံး
(မန္တလေးတောင်ပိုင်း)

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 48W/55704, Honda Scoopy-110 ယာဉ်လက်ဝယ်ရှိသူ N.C.X Myanmar Co.,Ltd က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)
မန္တလေးမြို့


**ဥတုရာသီ တောကိုမှီ၏။**

**သွေးသည် အသက်**

○ *ကျောဖုံးမှ*

ဩစတြေးလျအသင်းသည် ဂွတ်ဝင်းဒ်၏ သွင်းဂိုးဖြင့် တောင်ကိုရီးယားအသင်းကို အနိုင်ရရှိရန် နီးစပ်ခဲ့သော်လည်း အချိန်ပိုတွင် သွင်းဂိုးများ ပြန်လည်ခွင့်ပြုပေးခဲ့ရသည့်အတွက် ရှုံးပွဲကြုံတွေ့ကာ ဆီမီးဖိုင်နယ် တက်လှမ်းခွင့် ဝေးခဲ့ခြင်းဖြစ်သည်။ တောင်ကိုရီးယားအသင်းသည် ဆော်ဒီအာရေဗျအသင်းနှင့် ၁၆ သင်းအဆင့်တွင်လည်း အချိန်ပိုသွင်းဂိုးကြောင့် ပယ်နယ်တီအဆုံးအဖြတ်တွင် လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်သို့ တက်လှမ်းလာနိုင်ခဲ့သည်။

ဩစတြေးလျအသင်းသည် အစပိုင်းပွဲချိန်များတွင် တောင်ကိုရီးယားအသင်းကို တစ်ဖက်သတ်ဖိအားပေး ကစားနိုင်ခဲ့သော်လည်း နောက်ပိုင်းပွဲချိန်များတွင် အိုနေးလ်အနီကတ်ပြ ထုတ်ပယ်ခံခဲ့ရမှုနှင့်အတူ ပြိုင်ဘက်အသင်း၏ ဖိအားပေး တိုက်စစ်ဆင်မှုများကိုသာ ခုခံကာကွယ်ရင်းထုတ်ခဲ့ရသည်။

တောင်ကိုရီးယား အသင်းအတွက် သွင်းဂိုးများကို ဟွမ်ဟီချန်းနှင့် ဆွန်ဟောင်မင်တို့က သွင်းယူပေးနိုင်ခဲ့သည်။ တောင်ကိုရီးယားအသင်းသည် ဆီမီးဖိုင်နယ်တွင် ဂျော်ဒန်အသင်းနှင့် ဖေဖော်ဝါရီ ၆ ရက်၌ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**အောင်ဇော်**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဖေဖော်ဝါရီ ၃**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

